ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ သောကြာနေ့၊ (2-6-2006) (၄၉၇၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　ဇွန်　၂

၂၀၀၆ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီယို နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ် ဆက်သွယ်သည့် ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်းစစ်ဆေး

ရန်ကုန်　ဇွန်　၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့ကိုဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူး ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကမာကြည်တံတားပေါ်မှဖြတ်ကာ သာကေတမြို့နယ်သို့ ရေပိုက်သွယ်၍ ရေဖြန့်ဝေပေးမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

▶ စက်ရုံ၊အလုပ်ရုံ လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်ရေး၊ စီမံကိန်းသစ်များ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

▶ စုစုပေါင်း ၄၁၃ မိုင်ရှိသော ပြည်နယ်၏ကမ်းရိုးတန်း အိပ်မက်လမ်းမကြီးလည်း ပေါ်ထွက်လာပြီဖြစ်သည်။ ယခင်က စစ်တွေမှ ဂွမြို့အထိ ကားသွား၍ရခိုင်ရန်ကိုပင် အိပ်မက်ပင် မမက်နိုင်ခဲ့ပါ။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **“ရခိုင်ပြည်နယ်၏ကမ်းရိုးတန်း အိပ်မက်လမ်းမကြီးသို့ အလည်တစ်ခေါက်ရောက်ခဲ့စဉ်”**

(ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၆-၂၀၀၆
(သောကြာနေ့)

ထုတ်လုပ်မှုမြှင့်တင်၊ သုံးစွဲငွေချွေတာ

ယနေ့ကာလတွင် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ လယ်ယာကဏ္ဍကိုအခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် စက်မှုအခြေခံလုပ်ငန်းများကို ထူထောင်နေသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ ပူးပေါင်းဖော်ဆောင်နေချိန် ဖြစ်သည်။

ယင်းသို့သော အချိန်အခါတွင် စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍ အသီးသီးတို့အနေဖြင့် ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာစေရေး အားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် လူသုံး၊ အိမ်သုံး ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသကဲ့သို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည်လည်း သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းများကို အလေးထားဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် စက်ပစ္စည်းကိရိယာများ၊ ယာဉ်နှင့် ယာဉ်ပစ္စည်းများ၊ အင်ဂျင်များထုတ်လုပ်သည့် အကြီးစားစက်မှုလုပ်ငန်းများကို အခြေခံလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရသည်။

စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေး၊ စီမံကိန်းသစ်များ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် မူလလျာထားငွေထက် နှစ်ဆရရှိစေရေး၊ သုံးစွဲငွေများ အတတ်နိုင်ဆုံး ခြိုးခြံချွေတာရေး၊ ငွေလုံးငွေရင်းဖြင့် သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းများ၌ စနစ်တကျစိစစ်လုပ်ကိုင်ကြရေးတို့ကိုလည်း အလေးထားကြရမည်ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံ ကုန်ထုတ်လုပ်ငန်းများ အပါအဝင် ကုန်ပစ္စည်းတင်ပို့ရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဖော်ဆောင်ရာတွင် ကုန်ပစ္စည်းအရည်အသွေးကောင်းမွန်ရေးသည် အဓိက၊ ဈေးကွက်လက်ခံသည့်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးသည် ပဓာနကျသဖြင့် နည်းလမ်းရှာဖွေ တီထွင်ကြံဆကြိုးပမ်းကြရမည်ဖြစ်သည်။

ဈေးကွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီမီ၊ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ထုတ်လုပ်ခြင်း၊ စက်ရုံထွက်ပစ္စည်းများ အရောင်းမြှင့်တင်ခြင်း၊ သုံးစွဲငွေများ ခြိုးခြံချွေတာပြီး ဝင်ငွေပိုမိုရရှိရေး ကြိုးပမ်းအားထုတ်ခြင်းတို့ဖြင့် စီးပွားရေးရည်မှန်းချက်များ ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အီတလီနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၀၆ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အီတလီသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာဆီမိုဒီအလီမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇွန် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မလေးရှားအဖွဲ့ တွေ့ဆုံ သစ်အခြေခံစက်မှုဇုန် တည်ထောင်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

နေပြည်တော် ဇွန် ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးရုံး ဧည့်ခန်းမ၌ မလေးရှားနိုင်ငံ Lumber Mart International ကုမ္ပဏီဥက္ကဋ္ဌ Dato Mukhriz Mahathir နှင့်အဖွဲ့အား ယမန်နေ့နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၌ သစ်အခြေခံစက်ရုံ ၁၀၀ခန့်ရှိသော စက်မှုဇုန်တစ်ခု တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံလိုကြောင်းတင်ပြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် ဇွန် ၁

(၂၀၉)ကြိမ်မြောက် ကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း(၅၀၀)အထူးဆုကြီး

ဋ-၄၉၉၄၁၂

ကျပ်သိန်း(၃၀၀) ဆုများ

စ-၄၈၃၉၄၆
က-၈၇၂၆၁၉

ကျပ်သိန်း(၂၀၀)ဆုများ

မ-၄၄၇၇၃၈
ဋ-၇၈၉၀၂၅
ရ-၄၃၉၅၀၇
ဏ-၈၆၄၃၇၀

ကျပ်သိန်း(၁၀၀)ဆုများ

တ-၃၈၀၂၄၁
ဖ-၄၀၆၃၁၂
န-၈၄၂၄၀၇
ဠ-၂၄၆၅၂၇
ဠ-၉၁၉၆၄၄
ယ-၁၉၄၆၁၆
ဖ-၆၃၂၂၀၅
ဏ-၅၃၀၃၅၉
ဂ-၆၃၄၄၂၂
ဆ-၁၆၆၄၇၀
ယ-၈၃၉၆၂၀
ဘ-၁၉၀၅၂၅
ဂ-၂၉၇၇၁၉
ဏ-၂၆၇၆၀၇
ဗ-၅၂၇၃၆၉

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲ)

ရ-၁၀၅၈၄၇
မ-၃၃၀၇၇၅
ည-၇၄၆၀၂၂
ဂ- ၂၅၄၁၀၈
ဠ-၈၄၇၈၃၀
ဆ-၃၄၆၁၈၇
ဘ-၃၇၈၉၄၈
ဗ-၈၁၃၉၁၈
ထ-၈၈၈၂၄၄
ဠ-၄၄၀၉၂၈
ဎ-၂၃၉၆၅၃
ယ-၆၀၇၆၃၉
ဋ-၉၀၀၂၈၉
ခ-၆၈၉၈၄၇
ပ-၆၅၈၅၃၅
င-၁၇၆၆၉၂

ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းနေ ဦးထွန်းမြင့် ဒေါ်ကျင်တီ အမှူးထားပြီး ဦးကျိုးရှက်ရီ၊ ဒေါ်လှလှမြင့်၊ သမီး မသဲသဲထွေး၏ (၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး**အဖွဲ့သို့ အင်းစိန်မြို့နယ် စောင်စက်ရုံအမှတ်(၂၀)နှင့် စွပ်ကျယ်စက်ရုံခွဲ တို့မှ အလုပ်သမ ၁၂၀၇ဦးတို့၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများ စုပေါင်းပေးအပ်ပွဲကို မေ၂၉ရက်က ကျင်းပပြီး အလုပ်ရုံခွဲမှူး ဒေါ်ရင်ရင်မေက ပေးအပ်ရာ ရန်ကုန် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်ခံရယူစဉ်။** (မိခင်/ကလေး)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင်များ ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပဒေသာပင်အလှူရှင်များ၏ (၄၂)ကြိမ်မြောက် စုပေါင်းရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို မေ ၂၈ရက်မွန်းလွဲ ၂နာရီတွင်အဆိုပါဆေးရုံကြီးဝေဇယန္တာဆောင် အပေါ်ဆုံးထပ် ခန်းမဆောင်ကြီး၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပဒေသာပင် အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားသည်။

ရေစက်သွန်းချ

ထို့နောက် ဧည့်ပရိသတ်တို့က ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စနထံမှ ရေစက်ချအနုမောဒနာတရားနာယူကြ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်၏ ကမ်းရိုးတန်း အိပ်မက်လမ်းမကြီးသို့ အလည်တစ်ခေါက် ရောက်ခဲ့စဉ်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

**"ဝတီလေးခွင်၊ မြောက်ပြင်ဓည
သာစွဋ္ဌာနေ၊ မုနိမြေ၌
ဖြာဝေထိန်လင်း၊ ဗုဒ္ဓဆင်းရာ
ညီရင်းကိုယ်ပွား၊ လွန်ထင်ရှား။
ပြိုင်းချောင်းတမံ၊ ရေလျှောင်ကန်နှင့်
ကြံရည်ကျိုချက်၊ သကြားစက်တို့
မြို့ကျက်သရေ၊ ဂုဏ်ဆောင်ပေစွ
ကစ္ဆပနဒီ၊ တံတားသည်လည်း
ပြည်နယ်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်။"**

ကိုသာစိန်(ကံမြို့တော်)

"သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" တို့တည်ရှိရာ **"ချစ်စရာ့ပန်းချီကစ္ဆပနဒီ"** နှင့် ချစ်စွာသော အဥ္ဇနနဒီမြစ်(လေးမြို့မြစ်)တို့ ဖြတ်ကျော်စီးဆင်းရာ ရခိုင်ပြည်နယ်သို့ စာရေးသူတို့ ဘုရားဖူးအဖွဲ့ ပင်လယ်ရေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပါသည်။

ရန်ကုန်ဆိပ်ကမ်းမှ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကမ်းရိုးတန်းသွား ခရီးသည်တင် သင်္ဘောကြီးများဖြင့် စစ်တွေမြို့သို့ သွားရောက်ပြီး မြောက်ဦးခရီးစဉ်သို့ ဆက်လက်ထွက်ခွာနိုင်ပါသည်။

စာရေးသူတို့အဖွဲ့သည် အမ်ဗွီဟားခါးသင်္ဘောကြီးဖြင့် ပင်လယ်ကမ်းရိုးတန်း ခရီးစဉ်အတိုင်း စီးနင်းလိုက်ပါလာကြသည်။ ပင်လယ်လေငြိမ်ပိုင်းဖြစ်သော်လည်း လှိုင်းအိကြီးများသည် တလိမ့်လိမ့် လှုပ်ရှားနေသည်။ **"လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်"** ဟူသော စကားပုံသည် မှန်ကန်လှပေသည်။ ကြွယ်ဝလှသည့် ရေပေါ်ရေအောက် မြန်မာ့သယံဇာတ လွင်ပြင်ဖြစ်သော ပင်လယ်သဘာဝအလှကို လွမ်းမက်မူးမူး ခံစားရပါသည်။ ဘင်္ဂလားပင်လယ်အော်ထဲမှ နေဂရေအငူစွန်းကို ဝိုင်းပတ်ကာရံထားသည့် အယ်လ်အာဂူတာ ကျောက်ဆောင်တန်းကြီးအတွင်း ပင်လယ်ကမ်းနီး ငါးဖမ်းသင်္ဘော ရာပေါင်းများစွာကို အားတက်ဖွယ်ရာ တွေ့ရှိခဲ့ရပါသည်။ အမ်ဗွီဟားခါးသင်္ဘောကြီးသည် ရေလမ်းကြောင်းအတိုင်း ကျောက်ဆောင်တန်းကြီးအပြင်မှ ခုတ်မောင်းနေရာ ကမ်းနီးငါးဖမ်းသင်္ဘော အများစုပိုင်ဆိုင်သည့် ဟိုင်းကြီးကျွန်းမြို့နယ်သို့ ရောက်ရှိခဲ့သည်။ မော်တင်စွန်းသို့ အရောက်တွင် အယ်လ်အာဂူတာကျောက်ဆောင်တန်းကြီးက ကာရံလျက် ခပ်ဝေးဝေး ခပ်ရေးရေးတွင် ငွေဆောင်၊ ရှေ့လှမ်းလှမ်း၌ ချောင်းသာတို့ကို တွေ့မြင်ရပါသည်။

သံတွဲကိုမရောက်ခင် ကမ်းသာယာ၊ သံတွဲမှာတော့ ငပလီပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများကို ဘေးတိုက်ဖြတ်သန်းလျက် အမ်ဗွီဟားခါးသင်္ဘောကြီးက လုံးသာဆိပ်ကမ်းတွင် ရပ်နားခဲ့သည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတွင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများအဖြစ် ငွေဆောင်၊ ချောင်းသာ၊ ကမ်းသာယာနှင့် ငပလီဟူ၍ ရှိနေပါသည်။

ရခိုင်ပြည်နယ်အတွင်းတွင် ကမ္ဘာကျော် ရေချိုးဆိပ်ကြီးနှစ်ခု တည်ရှိနေပါသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားစွာ လာရောက်အပန်းဖြေကြသည်။ ရမ်းဗြဲကျွန်း၊ မန်အောင်ကျွန်းကို ကျော်၍ ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေမြို့၏ ပင်လယ်ကူးသင်္ဘောဆိပ်သို့ အမ်ဗွီဟားခါး သင်္ဘောကြီး ဆိုက်ကပ်ခဲ့ပါသည်။ စစ်တွေမှ မြောက်ဦးသို့ ရေလမ်းဖြင့် ဘုရားဖူးသွားရပါဦးမည်။

စစ်တွေမြို့ ဆတ်ရိုးကျချောင်းတံတားမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောကြီးများ၊ ပုဂ္ဂလိကပိုင် မော်တော်ဘုတ်၊ သင်္ဘောများ၊ စက်လှေကြီးများဖြင့် မြောက်ဦးမြို့တော်သို့သွားလျှင် မွန်းလွဲပိုင်း အချိန်တွင် လွယ်ကူစွာ ရောက်ရှိနိုင်ပါသည်။ စာရေးသူတို့သည် မလိခသယ်ယူပို့ဆောင်ရေးလီမိတက်မှ မလိခ အမြန်ရေယာဉ်ဖြင့် စစ်တွေ-မြောက်ဦးခရီးစဉ်ကို စီးနင်းလိုက်ပါလာခဲ့ကြသည်။

စာရေးသူသည် သမိုင်းထဲမှ မြောက်ဦးမြို့အကြောင်းကို ကြိုတင်လေ့လာခဲ့ကြသည်။ မြောက်ဦးမြို့နှင့် ပတ်သက်ပြီး လေ့လာတွေ့ရှိမှုများမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရခိုင်တို့ဌာနီ ဓညဝတီသို့ ဒေသစာရီကြွခဲ့စဉ် ဗျာဒိတ်တော်များထားခဲ့သည့်နေရာတို့၌ စေတီများတည်ရန်၊ ဓာတ်တော်များပေးဆောင်ရန် မဟာဗာဟုရ ရဟန္တာမထေရ်နှင့် သျှင်မဟာတိဿရဟန္တာတို့ ရခိုင်ပြည်နယ်သို့ ကြွရောက်ခဲ့ကြသည်။ တစ်ခုသော ကုန်းတော်၌ ရပ်နားသည့်အခါ တောင်အနီးတွင် နေထိုင်သည့် ဥဒေါင်းနှင့် မျောက်တို့ လာရောက်ဖူးမြော်ကြသည်။ မျောက်က ဒေါင်း၃နှစ်လုံးကိုယူဆောင်ပြီး ရဟန္တာတို့အား ဆက်ကပ် လှူဒါန်းခဲ့သည့် နိမိတ်ကိုတွေ့မြင်၍ ဤနေရာတစ်ဝိုက်သည် မြို့ပြကြီးများ ထွန်းကားပြီး သာသနာတော် စည်ပင်ဝေဆာလာလိမ့်မည်။ မြို့တော်ကိုလည်း မျောက်ဥမြို့ဟု ခေါ်တွင်စေခဲ့သည်။ ရပ်နားခဲ့သည့် ဗာဟုလတောင်ကို ကာလရွေ့လျားလာသည့်အခါ ဗာပူလတောင်၊ ပါးပူတောင်ဟု ခေါ်တွင်ခဲ့ကြသည်။ မြို့တော်ကို မျောက်ဥ၊ မျောက်ဦး၊ မြောက်ဦးဟူ၍ ခေါ်ဆိုခဲ့ကြောင်း သိရသည်။

အလားတူ အေဒီ ၁၄၃၀ ပြည့်နှစ်၌ မြောက်ဦးမြို့ကို တည်ထောင်သည့်အခါတွင် တောင်ညိုတောင်နှင့် ကုက္ကားတောင်နှစ်လုံးကို တူးဖြိုခဲ့စဉ် ရွှေဥ-ဒေါင်းဥကို မျောက်စောင့်နေသည်ကို တွေ့ရှိခဲ့ရသဖြင့် မျောက်ဦးဟူ၍လည်းကောင်း၊ ဘုမ္မစိုးနတ်ရှိသည့်အရပ်တွင် တည်ထားခဲ့သည့်မြို့ဖြစ်သဖြင့် မြောက်ဦးဟူ၍ လည်းကောင်း၊ လောင်းကြက်မြို့တော်ဟောင်း၏ မြောက်ဘက်တည့်တည့်တွင် တည်ရှိနေသဖြင့် မြောက်ဦးဟူ၍လည်းကောင်း အသီးသီးခေါ်ဆိုခဲ့ကြကြောင်းလည်း လေ့လာသိရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြောက်ဦးမြို့သည် မြောက်လတ္တီတွဒ် ၂၀ ၂၅" အရှေ့လောင်ဂျီတွဒ် ၉၃ ၁၁" တွင် ကစ္ဆပနဒီလွင်ပြင်နှင့် အဥ္ဇနနဒီ(လေးမြို့လွင်ပြင်)တို့၏ အချက်အချာနေရာတွင် တည်ရှိသည်။ သဘာဝအနေအထားများဖြစ်သည့် တောင်ရိုးတောင်စွယ်၊ ချောင်းမြောင်းများဖြင့် မြို့ရိုးနှင့်ကျုံးများကို တည်ဆောက်ခဲ့ကြသည်။ ဒေသထွက် သဲ၊ ကျောက်တို့ကို အသုံးပြု၍ စနစ် တကျ တည်ဆောက်ထားခြင်း ဖြစ်သည်။

မြောက်ဦးမြို့သည် ကျယ်ပြန့်စွာ စနစ်တကျဖွဲ့စည်းထားသဖြင့် လုံခြုံမှုရှိသည့်အပြင် ကူးသန်းရောင်းဝယ်ရေးအတွက် ကစ္ဆပနဒီမြစ်နှင့် လေးမြို့မြစ်ကို အသုံးပြုခဲ့ရာ အောင်ဒတ်နှင့် ပေါင်းဒုတ်ဒေသများသည် စီးပွားရေးနယ်ပယ်တွင် ထင်ရှားသည့် ဆိပ်ကမ်းမြို့များဖြစ်ခဲ့သည်။

သမိုင်းဝင် မြောက်ဦးမြို့အနီး ပတ်ဝန်းကျင်ဒေသတစ်ခုလုံး၏ ထူထဲနက်ရှိုင်းသည့် တောင်တန်း တောင်စွယ်နှင့် လွင်ပြင်ကျယ်နေရာများတွင် ရှေးဟောင်းစေတီ၊ ဘုရားပုထိုး၊ ဂူ၊ ကျောင်း အများအပြားတည်ရှိနေသည်။ အချို့နေရာများတွင် စေတီပုထိုးများ စုစုစည်းစည်းရှိနေသည်။

အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ သမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီ အများအပြားတို့ ပျက်စီး ယိုယွင်းခဲ့ကြသည်။ မပြိုမပျက်ဘဲ ကျန်ရှိနေသေးသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ လက်ရာများမှာ အမျိုးဂုဏ်နှင့် သမိုင်း၏အရေးပါသည့် ယဉ်ကျေးမှုအရင်းအမြစ်များကို ပြသနိုင်လျက်ရှိသည်။

သျှစ်သောင်းဘုရား၊ အံတော်သိမ်ဘုရား၊ ရတနာပုံ၊ ထုက္ကန့်သိမ်၊ လေးမျက်နှာ၊ လောင်ပွန်းပြောက်၊ ခြင်ကိုက်ပိဋကတ်တိုက်၊ ဖောခိရွှေဂူ၊ ရတနာမာရ်အောင်၊ သကျမာရ်အောင်ဘုရား၊ နန်းတော်ကုန်းပြတိုက်၊ ဇိနမာရ်အောင်၊ မင်းခမောင်းပုထိုး၊ အနုမကန်၊ လက်ဆည်ကန်၊ ဝသဲဘုရားကြီး၊ ပန်းစျိုးမြောင်းသျှင်ပင်၊ ဘုရားပေါ်၊ လောကမာရ်အောင်၊ မင်္ဂလာတတ်ရွှေဂူ၊ ကိုးနဝင်း၊ ဝိဇယျရုံသီ၊ နရတ်စားဘုရား၊ ဒိုင်ကျီကန်ဘောင်းဒွတ်၊ လက်ကောက်စျိုးကျောင်းတိုက်၊ ရွှေကြာသိမ်၊ ရီတန်းခါးဘုရား၊ တေဇရာမ၊ မင်္ဂလာမာရ်အောင်၊ နိဗ္ဗူဇာ၊ ဘုရားအုပ်၊ ကိုးသောင်း၊ ကြောင်လည်ဒုံခံတပ်၊ တောင်မြင့်မိုရ်၊ ညီမတော်ဘုရား၊ သိမ်ကြီးရွှေဂူ၊ ဦးမြဝါစေတီ၊ ရွှေဂူတောင်ဝန်းတီး နတ်ကွန်းဂူကြီး၊ ရွှေတောင်၊ မြတောင်နှင့် လေသာတောင်ခံတပ်၊ လောင်းကြက်မြို့ဟောင်းနေရာများ၊ ဝေသာလီမြို့ဟောင်းများ၊ ဓညဝတီမြို့ဟောင်းနေရာမှ မဟာမြတ်မုနိဘုရားကြီး၊ ကစ္ဆပနဒီတံတားရှုခင်းနှင့် ကျောက်တော်မြို့၏ သဘာဝရှုခင်းများကို စာရေးသူတို့ ငါးရက်တိုင်တိုင် လှည့်လည်လေ့လာကြည့်ရှု ဖူးမြော်ခဲ့ကြသည်။

ရခိုင်ပြည်နယ်သည် ရေမြေသယံဇာတ ကြွယ်ဝမှု အခြေခံကောင်းသော ပြည်နယ်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းကောင်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ အပန်းဖြေကမ်းခြေများနှင့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို အခြေခံ၍ ခရီးသွားလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အပြင် စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးလုပ်ငန်း အခွင့်အလမ်းရှိသော ပြည်နယ်ဖြစ်သည်။ ရော်ဘာကေတစ်သိန်း၊ ခြံစည်းရိုးကြက်ဆူပင် သုံးနှစ်အတွင်း ဧကငါးသိန်း၊ ငရုတ်ကောင်းနှင့် အမည်သစ်သီးနှံများ လျာထားစိုက်ပျိုးလျက်ရှိသည်။ ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေဖော်ထုတ်နိုင်ပြီဖြစ်၍ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာသည် ပိုမိုအားကောင်းလျက်ရှိသည်။

၁၂-၄-၂၀၀၆ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်တွေတပ်နယ် မဟာဗန္ဓုလခန်းမ၌ အမှာစကား ပြောကြားရာတွင်-

"ရခိုင်ပြည်နယ်သို့ မိမိတို့လာရောက်ခြင်းမှာ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ သွားလာမှုလွယ်ကူစေရေးအတွက် ရန်ကုန်-အမ်း-စစ်တွေ ကားလမ်းကြီးကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ပြီဖြစ်ရာ ယခုအခါ ယင်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်မှ ပြည်သူများသည် အခြားပြည်နယ်၊ တိုင်းများသို့ မော်တော်ကားများဖြင့် လွယ်လင့်တကူ ကူးသန်းသွားလာနေကြပြီဖြစ်ကြောင်း။

ထို့အတူ ကျောက်ဖြူ-ရန်ကုန် ကားလမ်းကြီးကိုလည်း ဒီရေတော၊ ဗျူးတောများကိုဖြတ်သန်း၍ ခက်ခဲစွာ ဖောက်လုပ်လျက်ရှိရာ ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမသစ်ကြီးကဲ့သို့ပင် ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ဆက်သွယ်သွားလာမှု ခက်ခဲသော ရခိုင်ပြည်နယ်အတွက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများ အပါအဝင် ယင်းအခြေခံလမ်းမကြီးများကို ဘဏ္ဍာငွေကြေး မြောက်မြားစွာ အကုန်အကျခံ၍ မိမိတို့ နိုင်ငံတော်ပိုင်းက ရင်းနှီးတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း" မိန့်ကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်၌ ၁၉၈၈ ခုနှစ်မတိုင်မီက ကားလမ်းစုစုပေါင်း ၄၄၈ မိုင်သာ ရှိခဲ့သည်။ ယနေ့အခါတွင် မိုင် ၉၇၀ ကျော်ရှိလာပြီဖြစ်သည့်အတွက် ကားလမ်းမိုင် ၅၂၃ မိုင် တိုးတက်ဖောက်လုပ် ပေးနိုင်ခဲ့သည်။ ပထမဆုံးဖွင့်လှစ်ခဲ့သည့်လမ်းမှာ အရှည်မိုင် ၅၃၀ ကျော် ရှည်လျားသည့် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီးဖြစ်သည်။ ထိုလမ်းမကြီးကို မြစ်ချောင်းများ၊ တောင်တန်းများအပေါ်မှ ဖြတ်ကျော် တည်ဆောက်ထားခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်သည် ယခင်က ရေလမ်းနှင့်လေကြောင်းခရီးဖြင့်သာ အဓိကထားပြီး အခြားပြည်နယ်နှင့် တိုင်းများကို ဆက်သွယ်ခဲ့ရသည်။ ယနေ့အခါတွင် ရခိုင်ပြည်နယ်သို့ ဝင်ပေါက်ကြီး သုံးပေါက်ရှိခဲ့ပြီ။ ထိုဝင်ပေါက်ကြီးသုံးပေါက်မှာ ရန်ကုန်-အမ်း-စစ်တွေလမ်း ၅၃၅ မိုင်၊ ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူလမ်း ၄၀၇ မိုင်၊ ရန်ကုန်-ငသိုင်းချောင်း-ဂွ-သံတွဲလမ်း ၂၃၃ မိုင်တို့ဖြစ်သည်။

စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှု ဖြစ်သော မိုင် ၄၀၀ ကျော်ရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးကို ၂၀၀၁ ခုနှစ်မှ စတင်၍ ဖောက်လုပ်ခဲ့သည်။ ဤလမ်းမကြီး ဖြတ်သန်းရာ ကျောက်ဖြူနှင့်မအီကြား အကွာအဝေး ၇၇ မိုင်ရှိသည့်အနက် ရွှံ့ညွှန်ထူထပ်သည့် ဒီရေတောအတွင်း မိုင် ၂၀ ကို ဖြတ်သန်းကာ ခက်ခက်ခဲခဲ တည်ဆောက်ထားခြင်းဖြစ်သည်။ ဒီရေတောရွှံ့ညွှန်များအတွင်း ကားလမ်းဖောက်လုပ် နိုင်ရန်အတွက် (Geotextile) နည်းပညာသုံး၍ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသကဲ့သို့ ပေ ၁၈၀ အထက် တံတားကြီး ၁၀ စင်းကိုလည်း တစ်ပြိုင်တည်းတည်ဆောက်ပေးထားသည်။

စစ်တွေ-အမ်း မိုင် ၂၀၀၊ အမ်း-မအီ ၄၂ မိုင်၊ မအီ-တောင်ကုတ် ၄၃ မိုင်၊ တောင်ကုတ်-သံတွဲ ၄၄ မိုင်၊ သံတွဲ-ကျိန္တလီ မိုင် ၄၀၊ ကျိန္တလီ-ဂွ ၄၄ မိုင် စုစုပေါင်း ၄၁၃ မိုင်ရှိသော ပြည်နယ်၏ ကမ်းရိုးတန်း အိပ်မက်လမ်းမကြီးလည်း ပေါ်ထွက်လာပြီ ဖြစ်သည်။ ယခင်က စစ်တွေမှဂွမြို့အထိ ကားသွား၍ ရနိုင်ရန် အိပ်မက်ပင် မမက်နိုင်ခဲ့ပါ။ ယနေ့မြင်ကွင်း၌ အိပ်မက်မဟုတ်သော ကမ်းရိုးတန်းလမ်းမကြီးကို လက်တွေ့ရှုမြင်အသုံးပြုနိုင်ခဲ့ပေပြီ။

ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာသည်နှင့်အညီ မကြာမီတွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းကြီးနှင့်တကွ သဘာဝဓာတ်ငွေ့များ တူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက် ကျောက်ဖြူ၊ ရမ်းဗြဲဒေသကို ဖွံ့ဖြိုးတိုးတက်သည့် ဒေသကြီးတစ်ခုအဖြစ် တွေ့မြင်ရတော့မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ လမ်းမိုင် ၁၃၆၃၅ မိုင်မှ ယခုအခါ မိုင် ၁၉၀၂၀ ဖြလုံရှိလာ ပြီဖြစ်၍ ၅၃၈၆ မိုင် တိုးတက်ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။ ပေ ၁၈၀ အထက် တံတားကြီးများတွင် မင်းကြောင်းချောင်းတံတားအပါ အဝင် ၁၉၅ စင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှစ်စင်းနှင့် တပ်မတော်သားများ တည်ဆောက်ခဲ့သည့် ၁၁ စင်းနှင့်ဆိုလျှင် စုစုပေါင်း တံတား ၂၁၅ စင်းရှိခဲ့ပြီဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့➡**

ဂျာမနီနိုင်ငံ ဘာလင်မြို့ စပရီးမြစ်ကမ်းပေါ်ရှိ ဥရောပ၏ အကြီးဆုံးရထားဘူတာရုံကြီးကို တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒိန်းမတ်တွင် ငါးနှစ်အောက်ကလေးများ အာဟာရမပြည့်ဝမှုနှုန်း ထက်ဝက်ကျဆင်း

ဟန္နွိုင်း မေ ၃၁

ဗီယက်နမ်နိုင်ငံတွင် အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရဓာတ်မပြည့်ဝသောနှုန်းသည် ၁၉၈၅ ခုနှစ်တွင် ၅၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၂၅ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း ဒေသဆိုင်ရာ ဗီယက်နမ်သတင်းဌာနက မေ ၂၉ ရက်တွင် ဖော်ပြသည်။

ဆင်းရဲမှု၊ အစားအသောက်ပြည့်ဝစွာမသုံးစွဲရမှုနှင့် သဘာဝဘေးအန္တရာယ်များ၊အရေးကြီးသောအာဟာရဓာတ်ပြဿနာများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံတွင် မိခင်များနှင့် ကလေးများ၏ ကျန်းမာရေးကို ထိခိုက်မည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ အာဟာရဓာတ် ပြဿနာများ ဖြစ်ပေါ်သောနေဒေသများတွင် အထူးသဖြင့် ကျေးရွာနှင့် ဝေးလံခေါင်ဖျားသော အရပ်ဒေသများဖြစ်ကြောင်း အမျိုးသား အာဟာရဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး နုယင်ကွန်ခန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ဗီတာမင်အေဓာတ်ချို့တဲ့သော အသက်ငါးနှစ်အောက်ကလေး ၁၂ဒသမ၅ ရာခိုင်နှုန်း၊ သွေးအားနည်းရောဂါရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီး ၃၂ ရာခိုင်နှုန်း၊ မိခင်နို့ရည်တွင် ဗီတာမင်အေ ပြည့်ဝစွာမပါသော နို့တိုက်မိခင် ၅၃ သမ၈ ရာခိုင်နှုန်းရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ မကြာသေးမီကပြုစုသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကလေးသူငယ်များ အာဟာရဓာတ်ချို့တဲ့မှု လျှော့ချနိုင်ရေးအတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအထိ ဗီယက်နမ် ဒေါင်ငွေ ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁ဒသမ၄သန်း) သုံးစွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် မရောက်မီ အသက်ငါးနှစ်အောက် အာဟာရဓာတ်မပြည့်ဝသော ကလေးသူငယ်နှုန်းထားသည် ၂၀ရာခိုင်နှုန်းထိ လျှော့ကျရန်ရည်မှန်းထားကြောင်း အမျိုးသားအာဟာရဖွံ့ဖြိုးရေးဌာနက ထုတ်ပြန်ပြောကြားသည်။

အာဟာရဓာတ် ချို့တဲ့မှုကြောင့် ဒေသဆိုင်ရာ ပြည်သူများ၏ ပညာသင်ကြားရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ဆိုးရွားစွာ ထိခိုက်နိုင်သဖြင့် ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ် ပြည်တွင်း စုစုပေါင်းထုတ်ကုန် ၅ ရာခိုင်နှုန်း ကျဆင်းစေနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ စာရင်းဇယားတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားခရီးစဉ် အင်ဒိုနီးရှားသမ္မတ ရွှေ့ဆိုင်း

ဂျကာတာ မေ ၃၁

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယူနိုသည် တောင်ကိုရီးယားသို့ သွားရောက်လည်ပတ်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း၊ ဂျာဗားကျွန်း၌ ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် ငလျင်လှုပ်မှု ဖြစ်ပွားပြီးနောက် ၎င်း၏ ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက မေ ၂၉ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတသည် ဇွန် ၇ ရက်မှ ၉ ရက်ထိ တောင်ကိုရီးယားသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

သေဆုံး

ဂျာဗားကျွန်းရှိ ရှေးမြို့တော်ဟောင်း ဂျော့ဂျ်ဂျာကာတာနှင့် ပတ်ဝန်းကျင်ဒေသများ၌ မေ ၂၇ ရက် အစောပိုင်းတွင် အင်အား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် လူ ၅၈၀၀ ကျော် သေဆုံးခဲ့သည်။

ရွှေ့ဆိုင်း

ကယ်ဆယ်ရေးနှင့် အရေးပေါ်လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် တောင်ကိုရီးယားသို့ သွားရောက်လည်ပတ်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ အန်ဒီယာမလ်လာရန်ဂျန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှား ငလျင်ဒုက္ခသည်များအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ စင်ကာပူပေးပို့

စင်ကာပူ မေ ၃၁

စင်ကာပူနိုင်ငံသည် ငလျင်ဒဏ်ခံခဲ့ရသော အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန်ခုနစ်တန်ရှိ ကူညီထောက်ပံ့ရေး ပစ္စည်းများကို မေ ၂၉ ရက်တွင် ပေးပို့ခဲ့ကြောင်း စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (အမ်အိုင်အင်ဒီအီးအက်ဖ်) ၏ ထုတ်ပြန်ချက်ကို သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

ပေးပို့

ကူညီထောက်ပံ့ရေး ပစ္စည်းများတွင် ရွက်ဖျင်တဲ၊ အိပ်ရာလိပ်၊ စောင်နှင့် ဆေးဝါးများ ပါဝင်သည်။ ထိုပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ အာဒီဆူဆီတိုလေတပ် အခြေစိုက်စခန်းသို့ စင်ကာပူလက်နက်ကိုင်တပ်ဖွဲ့ (အက်စ်အေအက်ဖ်)မှ စီ-၁၃၀ လေယာဉ်ဖြင့် ပေးပို့သည်။

အင်ဒိုနီးရှား အာဏာပိုင်များ၏ အကြံပေးချက်အရ အဖွဲ့ဝင်၃၅ဦးပါဝင်သော အက်စ်အေအက်ဖ် ဆေးပညာရှင်အဖွဲ့ကို ငလျင်ဒဏ် အဆိုးရွားဆုံးခံခဲ့ရသော ဘန်တူလ်ဒေသတွင် တာဝန်ချထားလိုက်ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျာကာတာပြည်နယ်သို့ မေ ၂၈ ရက်တွင် အက်စ်အေအက်ဖ်အဖွဲ့ ရောက်ရှိခဲ့သည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ၄၃ ဦးပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျာကာတာဒေသမှ ငလျင်ဘေးဒုက္ခသည်များ ဆေးဝါးကုသမှုခံယူရန် စောင့်ဆိုင်းနေကြသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်အနောက်ပိုင်းတွင် ငလျင်လှုပ်

တိုကျို မေ ၃၁

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ မေ ၂၈ ရက် ည ၈ နာရီခွဲခန့်တွင် ပဏာမတိုင်းတာချက်အရ အင်အား ၄ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်သွားကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ငလျင်ဒဏ်ကိုခံစား

အိုအိတာပြည်နယ် ဆိုင်ကီအရပ်တွင် ဂျပန်နိုင်ငံ မြေငလျင်ပြင်းအားတိုင်းတာမှုစကေးအရ အဆင့်သုံးရှိ မြေငလျင်လှုပ်ခဲ့ကြောင်း၊ ဟီရိုရှီးမား၊ အဲဟိမီ၊ ကိုချီ၊ ယာမာဂူချီ၊ ကူမာမိုတိုနှင့် အိုအိတာပြည်နယ်တို့တွင်လည်း ငလျင်ဒဏ်ကိုခံစားခဲ့ရကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု ရှိ၊ မရှိ ချက်ချင်း မသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွီဒင်နိုင်ငံတွင် စက်ရုပ်များအသုံးပြု၍ မော်တော်ကားထုတ်လုပ်နေသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ် လေကြောင်းသယ်ယူပို့ဆောင်ရေး တိုးချဲ့ပျံသန်းပြေးဆွဲရန် မျှော်မှန်း

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီ လေကြောင်းပျံသန်းမှုကို အချိန်နာရီ ထောင်ပေါင်း ၁၄၀ နာရီအထိ တိုးချဲ့ပျံသန်းပြေးဆွဲရန် မျှော်လင့်ထားကြောင်း၊ ထိုသို့ တိုးချဲ့ပျံသန်းရေးခရီးစဉ်မှာ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်ဖြစ်ပြီး ခရီးသည်ပို့ဆောင်ရေးကဏ္ဍ မပါဝင်ကြောင်း တရုတ်နိုင်ငံ မြို့ပြလေကြောင်းဌာန (စီအေအေစီ) မှ အထွေထွေအုပ်ချုပ်ရေး ဒုတိယအကြီးအကဲ ယန်ဂူကွင်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ လေကြောင်းပျံသန်းရေးကဏ္ဍသည် လာမည့် ငါးနှစ်ကျော်ကာလတွင် နှစ်စဉ်ပျမ်းမျှ ၁၀ ရာခိုင်နှုန်း တိုးချဲ့ပျံသန်းမည်ဖြစ်သည်ဟု ရှန်တုန်ပြည်နယ်တွင် မေ ၂၈ ရက်က ကျင်းပပြုလုပ်သော နိုင်ငံတကာလေကြောင်းလုပ်ငန်းပြပွဲတွင် ယန်က ပြောကြားသည်။ တရုတ်နိုင်ငံ၏ အထွေထွေလေကြောင်းခရီးစဉ် ပျံသန်းချိန်သည် ၁၉၇၈ခုနှစ်တွင် အချိန်နာရီ ထောင်ပေါင်း ၈၄ ဒသမ ၉ ရှိခဲ့ကြောင်း ၎င်းက ပြောဆိုသည်။ လေကြောင်းပျံသန်းရေးလုပ်ငန်း တိုးတက်လျင်မြန်သည်နှင့်အမျှ ပြည်တွင်း နှင့် ပြည်ပလေယာဉ်တည်ဆောက်ရေးလုပ်ငန်းမှာလည်း စီးပွားရေးအခွင့် အလမ်းကြီးတစ်ရပ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် တည်ဆောက်ထားသော ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပွဲ အထိမ်းအမှတ် ဘောလုံးပုံသဏ္ဌာန် အဆောက်အအုံတစ်ခုကို မေ ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုဗီယက်ခေတ်က တင်ရှိခဲ့သည့် ကြွေးမြီများ ရုရှားက ကူဝိတ်သို့ ပေးဆပ်မည်

မော်စကို မေ ၃၁

ရုရှားနိုင်ငံသည် ကူဝိတ်နိုင်ငံသို့ ဆိုဗီယက်ခေတ်က ပေးရန်ရှိခဲ့သည့် ကြွေးမြီများ ပေးဆပ်ရန် ကူဝိတ်နိုင်ငံနှင့် သဘောတူ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားသတင်းဌာနများက ထုတ်ပြန်သည်။

ရုရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး အလက်ဇီကူဒရင်းနှင့် ကူဝိတ်နိုင်ငံ စွမ်းအင်နှင့်ရေနံ ဝန်ကြီး အာမက်ဖတ်အယ်လ် အာမက်အယ်လ်ဆာဘတ်တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ကြွေးမြီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကို စာရင်းရှင်းလင်းခြင်း ဖြစ်သည်။

ကူဒရင်း၏ ပြောကြားချက်အရ ကြွေးမြီဒေါ်လာသန်း ၆၀၀ ကို ကုန်ပစ္စည်းများဖြင့် ပေးဆပ်မည် ဖြစ်ပြီး ဒေါ်လာ တစ်ဘီလီယံကို ငွေသားဖြင့် ပေးဆပ်မည် ဖြစ်ကြောင်း သိရသည်။ အတိုးငွေအချို့ကိုလည်း လျှော်ပစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံသည် ကူဝိတ်နိုင်ငံသို့ ပေးရန်ရှိသည့် ကြွေးမြီများကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် အချိန်ကာလအတွင်း ပေးဆပ်ရန် ကြိုးပမ်းခဲ့ကြောင်း ကူဒရင်းက ပြောကြားသည်။ ငွေသားဖြင့် ပေးဆပ်ရန် သုံးနှစ်ခွဲ အချိန်ရရှိမည်ဖြစ်ပြီး ပထမအသုတ်အဖြစ် အမေရိကန် ဒေါ်လာ သန်း ၃၅၀ကို ယခုနှစ်အတွင်း ပေးဆပ်ရမည် ဖြစ်ကြောင်း ဘဏ္ဍာရေးဒုတိယဝန်ကြီး ဆာဂျီစတောချတ်က ပြောကြားသည်။ ရုရှားနိုင်ငံသည် စက်များနှင့် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ အဓိကအားဖြင့် စစ်သုံးယာဉ်နှင့် လက်နက်ကြီးများကိုပေးသွင်းပြီး ငါးနှစ်အတွင်း ဒေါ်လာသန်း ၆၀၀ကို ပေးဆပ်သွားမည်ဖြစ်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုမိုရိုကျွန်း မီးတောင် ချော်ရည်များ ဆူပွက် မီးတောင်ပေါက်ကွဲမည်ကို ဒေသခံများ စိုးရိမ်နေ

ကိုမိုရို မေ ၃၁

ကိုမိုရိုကျွန်းပေါ်ရှိ မီးတောင်အဝမှ ချော်ရည်များ တနင်္လာနေ့က ဆူပွက်ကာ လှုပ်ရှားလာသဖြင့် အနီးအနားဒေသများနှင့် ပတ်ဝန်းကျင်ရှိ ကျွန်းများတွင် နေထိုင်သူများသည် မီးတောင်ပေါက်ကွဲမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

မီးတောင်၏အခြေအနေကို သိရှိရန် ထိုနေ့ နံနက်စောစောပိုင်းက ယင်းတောင်ပေါ်မှဖြတ်၍ လေယာဉ်ဖြင့် ကင်းထောက်ခဲ့သည်။ ကာရာသာလာ မီးတောင်သည် ပေ ၇၇၅၀ (၂၃၆၁ မီတာ)မြင့်ပြီး ဂရင်းကိုမိုရိုကျွန်းကို အုပ်မိုးထားသကဲ့သို့ တည်ရှိသည်။ ထိုမီးတောင်သည် ကမ္ဘာပေါ်ရှိ လှုပ်ရှားရှင်သန်နေသော မီးတောင်ကြီးများ စာရင်းတွင် ပါဝင်သောမီးတောင်တစ်ခု ဖြစ်သည်။

ကာရာသာလာမီးတောင်ဝတွင် ချော်ရည်များပြည့်လျှံလျက်ရှိသည်ကို တွေ့ရသော်လည်း ထိုချော်ရည်များ မည်သည့်ဘက်သို့ စီးသွားမည်ကို မခန့်မှန်းနိုင်သေးဘဲရှိသည်ဟု ထိုကျွန်းပေါ်မှ တာဝန်ရှိသူ ဗိုလ်မှူးကြီး အစ္စမေးလ်ဒါဟိုက ပြောကြားသည်။

ထိုမီးတောင်သည် ယခင်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သော်လည်း ပတ်ဝန်းကျင်ဒေသကို ကြီးကြီးမားမား ထိခိုက်ခဲ့သည့်သာဓကများမတွေ့ခဲ့ရဟုဆိုသည်။ သို့ရာတွင် မီးတောင်ဝန်းကျင်တွင် နေထိုင်သော လူ ၃၀၀၀၀၀ ခန့်မှာ မီးတောင်ပေါက်ကွဲမည်ကို ထိတ်လန့်စိုးရိမ်နေကြသောကြောင့် အိပ်ကောင်းခြင်းမအိပ်ရဘဲ ဖြစ်နေကြသည်ဟု ထိုဒေသတွင်နေထိုင်သူ ဂျင်မီမိုဟာမက်က ပြောကြားသည်။

ယခုအချိန်အထိ ဒေသခံပြည်သူများမှာ အိုးအိမ်များကို စွန့်ခွာထွက်သွားခြင်း မရှိကြသေးကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာကာသအတွင်းလွှတ်တင်ရန် အသင့်ဖြစ်နေသော ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းတွင် မေ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကော်စတာရီကာနိုင်ငံ လက်နက်တိုက်မှ ပစ္စည်းအများအပြားလျှော့နည်းပျောက်ဆုံးနေ

ဆန်ဂျို့စ် မေ ၃၁

ကော်စတာရီကာနိုင်ငံ လက်နက်တိုက်ရှိပစ္စည်းကိရိယာများကိုလက်ကျန်စာရင်းကောက်စစ်ဆေးမှုများ ပြုလုပ်ရာ လက်နက်အများအပြား ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီး ဖာနန်ဒိုဘာရိုကာယ်လ်က တနင်္လာနေ့တွင် ကြေညာသည်။

လက်နက်တိုက်မှ လက်နက်အများအပြားပျောက်ဆုံးလျက် ရှိကြောင်းသာ ဘာရိုကာယ်လ်က ပြောကြားပြီး မည်သည့်လက်နက်အမျိုးအစားများ ပျောက်ဆုံးနေကြောင်းကို အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။ ထိုကိစ္စသည် နိုင်ငံတော်အတွက် လျှို့ဝှက်ချက်သာ ဖြစ်သည်ဟု ၎င်းက သတင်းထောက်များကို ဖြေကြားခဲ့သည်။

ယခုကိစ္စသည် ရှုပ်ထွေးသောကိစ္စဖြစ်သည်သာမက အရေးကြီးသောကိစ္စလည်းဖြစ်သည်။ ပျောက်ဆုံးသော လက်နက်များတွင် လက်နက်ကြီးအချို့လည်းပါဝင်ပြီးကမ္ဘာ့လက်နက်ဈေးကွက်တွင် ဈေးကောင်းရနိုင်သော လက်နက်များလည်းဖြစ်သည်ဟုဆိုသည်။

ထိုလက်နက်ပျောက်မှုကိစ္စတွင်ပြည်ပမှပါဝင်ပတ်သက်မှုရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ထိုသို့ ယူဆရခြင်းမှာ ကော်စတာရီကာ နိုင်ငံတွင်း၌ လက်နက်ဈေးကွက်မရှိသောကြောင့်ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နှင့်ယူအေအီး ဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံဆွေးနွေး

အစ္စလမ္မာဘတ် မေ ၃၁

ပါကစ္စတန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့မှ ဝန်ကြီးချုပ်နှစ်ဦးသည် အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများကို ဘက်စုံကဏ္ဍစုံမှ မြှင့်တင်သွားရန် အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စများတွင် တိုးမြှင့်ဆောင်ရွက်သွားရန် လိုလားကြောင်း ဖော်ပြခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ရှော်ကတ်အဇစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) ဝန်ကြီးချုပ် ရှိတ်မိုဟာမက် ဘင်ဟာရှစ်အယ်လ်မောက်တမ်တို့နှစ်ဦး တွေ့ဆုံခဲ့ကြသည်။

နှစ်နိုင်ငံဆက်ဆံရေးမှာ ရင်းနှီးနွေးထွေးမှုရှိကြောင်း၊ ထိုအခြေအနေကို တိုးမြှင့်သွားရန် လိုလားကြောင်း အဇစ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသို့ ယူအေအီးနိုင်ငံက လာရောက်၍ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ပြုလုပ်သည့်ကိစ္စကို ပါကစ္စတန်ကအထူးအလေးထားကြောင်း ဝန်ကြီးချုပ်အဇစ်က အသားပေး ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်၌ ရေလွှမ်း၊ အိမ် ၄၀၀ ကျော် ရေထဲမျောပါ

ဒါကာ မေ ၃၁

မုတ်သုံမိုးအကျစောပြီး ရှာသွန်း သဖြင့် ဖြစ်ပေါ်လာသည့် ရုတ်တရက်ရေလွှမ်းမိုးခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျွန်းနှစ်ကျွန်းရှိ အိမ်ခြေ ၄၀၀ကျော်မှာ ရေစီးထဲ မျောပါသွားကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ကောက်ဘဇားမြို့မှ မိုင် ၃၀ အကွာရှိ ကူတပ်ဒီးယားကျွန်းတွင် ရာပေါင်းများစွာသော ပြည်သူတို့ ရေလွှမ်းမိုးမှု ဒဏ်ကို ခံခဲ့ရကြောင်း၊ သို့သော် အသေအပျောက်မရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

<u>ပျက်စီး</u>

ကောက်ဘဇားမြို့မှ ၁၀ မိုင် အကွာရှိ မဟက်ရှ်ခါလီကျွန်းတွင်လည်း ရေလွှမ်း မိုးမှုဒဏ်ကိုခံခဲ့ရသည်။ မိုးသည်းစွာ ရှာသွန်းပြီး ရေလှိုင်းများ တလိမ့်လိမ့် တက်လာပြီးနောက်မြေပြိုမှုများဖြစ်ပေါ် လာသောကြောင့် အိမ်ခြေ ၇၀နီးပါး ပျက်စီးသွားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ရာပေါင်းများစွာသော ပြည်သူတို့ နှစ်စဉ် သေဆုံးကြရပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ မုတ်သုံမိုးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန်လအလယ်တွင် ပုံမှန်ဝင်ရောက်လေ့ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံ ဘာဆီလိုနာဆိပ်ကမ်းတစ်နေရာကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘက်မလိုက်အဖွဲ့ဝင်သစ် နှစ်နိုင်ငံ တိုးလာ

ကွာလာလမ်ပူ မေ ၃၁

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)သည် ဒိုမီနီကန်သမ္မတနိုင်ငံနှင့် အင်တီဂွါနှင့် ဘာဘူဒါတို့အား အဖွဲ့ဝင်သစ်များအဖြစ် လက်ခံခဲ့ရာ စုစုပေါင်းအဖွဲ့ဝင် ၁၁၆ နိုင်ငံရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆေရက်ဟာမစ်အယ်ဘာက ပူထရာဂျားယားအလယ်ပိုင်း၌ ပြုလုပ်သော နမ်ပူးပေါင်းဆောင်ရွက်ရေး ဘုတ်အဖွဲ့၏အစည်းအဝေး၌ အဖွဲ့ဝင်သစ် တိုးကြောင်း ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဒိုမီနီကန်သမ္မတနိုင်ငံ၏ ကိုယ်စားလှယ်အကြီးအကဲ ခရစ်ခပင်အက်စ်ဂရီဂိုးရီးယားက နှစ်ပေါင်းများစွာ နမ်အဖွဲ့၏ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး နမ်အဖွဲ့သို့ ဝင်ရောက်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်ကုန်မြို့တော်နေပြည်သူများ ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး နေ့ရောညပါကြိုးပမ်း လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများကိုလည်း ဖော်ထုတ်အရေးယူရန်လိုအပ်

ရန်ကုန် ဇွန် ၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၃၁ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းပုံနှင့် ဌာနများလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး၏ လုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဧပြီ ၁ရက်မှ စတင်၍ ယခင် ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးကို သိမ်းသွင်း ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်လျက် ရှိကြောင်း၊ ရန်ကုန်မြို့တော်နေပြည်သူများ ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် တာဝန်ရှိသူများ အနေဖြင့် နေ့ရောညပါ ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ စီမံ ချက်ချ၍ မီတာတပ်ဆင်ရေးကိစ္စများကို ဆောင်ရွက်လျက်ရှိရာ စနစ်တကျဖြင့် မြန်မြန်ဆန်ဆန် တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မသမာသောနည်းဖြင့် လျှပ်စစ် ဓာတ်အား ခိုးယူသုံးစွဲမှုများကိုလည်း ဖော်ထုတ်၍ အရေးယူဆောင်ရွက် သွားရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူ များအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန် များ အောင်မြင်စေရေးအတွက် အခြား ဌာနများနှင့် ပူးပေါင်းဆောင်ရွက် သကဲ့သို့ အောက်ခြေအဆင့်အထိ ဆင်းပြီး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။ (သတင်းစဉ်)

သီတဂူရေအလှူတော် တရားပွဲ

ရန်ကုန် ဇွန် ၁

သီတဂူရေအလှူတော်တရားပွဲကို သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဇ္ဈိမာရုံကျောင်းရှိ ရွှေဥရတနာရွှေကျောင်းတော်တွင် ကျင်းပမည်ဖြစ်ရာ ဇွန်၉ရက်တွင် အရှင်ဒေဝိန္ဒာဘိဝံသ(သာမဏေကျော်၊ သကျသီဟ၊ ဓမ္မာစရိယ)၊ ဇွန် ၁၀ရက်တွင် အရှင်ဉာဏိသရ (D.Litt, Ph.D)၊ ဇွန် ၁၁ရက်တွင် အရှင် တေဇိန္ဒ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဇွန် ၁၂ရက်တွင် ကုလိန္ဒာစရိယ (သီတဂူကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်)တို့က တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ရေအလှူတော်အတွက် သီးသန့်ပါဝင်ကုသိုလ်ယူလိုသူများ ဖုန်း–၀၉–၉၉၂၂၁၀၅၊ ၀၉–၅၁၅၆၇၄၄၊ ၀၉–၅၀၁၆၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် သည်။ (က–ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၁

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇွန် ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရား စခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်သည်။ (က–ပ)

အသက်ရာကျော် ဘိုးဘွားများပူဇော်မည်

ရန်ကုန် ဇွန် ၁

မင်္ဂလာဗျူဟာ အသင်းချုပ်၏ အဖွဲ့ငယ်တစ်ခုဖြစ်သော မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ တစ်ဝန်းမှ အသက်(၁၀၀)နှင့် အထက် ဘိုးဘွားများပူဇော်ပွဲကို ဇွန်လအတွင်း ကျင်းပမည်ဖြစ်သည်။ အသက်ရာကျော် ဘိုးဘွားများ၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ပုံကို သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံ ချက်နှင့်အတူ မင်္ဂလာဗျူဟာပရဟိတ အဖွဲ့၊ အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ဇွန် ၉ရက် (သောကြာ)နေ့ နောက်ဆုံးထား စာရင်း ပေးသွင်းကြရန်ဖြစ်သည်။

ဘိုးဘွားများအနေဖြင့် ပူဇော်ပွဲသို့ ကိုယ်တိုင်ကြွရောက်နိုင်ပါက ကြွရောက် ကြပါရန်နှင့် မကြွရောက်နိုင်ပါက စာတိုက်မှတစ်ဆင့် (သို့မဟုတ်) အဖွဲ့ အမှုဆောင်များက လာရောက်ကန်တော့ ကြမည်ဖြစ်ရာ ပူဇော်ပွဲအတွက် ပစ္စည်း နှင့် အလှူငွေလှူဒါန်းလိုပါက အထက်ပါ လိပ်စာအတိုင်း ကြွရောက်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂–၆–၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	သာစုခေါ်စေသောဝ် အလင်းအလှူတော်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	Myanmar Video Rhythm
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	မြောက်ဦးခေတ်နှင့် ရှစ်သောင်းပုထိုးတော်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	KND-5B ဒီဇယ်အင်ဂျင်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ပြိုင်ကားထုတ်လုပ်မှု)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မြန်မာစာ၊ မြန်မာစကား(၃)
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	ဗွီစီဒီမိတ်ဆက်
၁၀း၃၅	အရည်အသွေးကောင်းလို့စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ကချင်ပြည်နယ် မိုးကောင်းတံတား
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ထူးသာ၊ချောနဝင်း၊ ယွန်းငုံဖူး) (ဒါရိုက်တာ–ဦးခင်ဇော်)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	မိခင်နို့စနစ်တကျ တိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	သစ်သီးပင်မျိုးပွားနည်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များ ကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးရုံး ဝန်ထမ်းသားသမီးများ ၂၀၀၆–၂၀၀၇ ခုနှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ ကို မေ ၃၁ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမတွင်ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဝန်ထမ်းများကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းအား ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကျောင်းအပ်နှံရေးအခမ်းအနားများ ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၀ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌လည်းကောင်း၊ နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်းကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင် သက်ဌေးက ရန်ကုန်တိုင်းအတွင်း ကျောင်းနေအရွယ်ကလေးများ ကျောင်း အပ်နှံနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပါဝင် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြား သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင် သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ရန်ကုန်အနောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နီနီစိန်တို့က မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာန နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင်များက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်၊စာရေးကိရိယာ နှင့် ကျောင်းဝတ်စုံများကို ပေးအပ် လှူဒါန်းကြရာ ရန်ကုန်အနောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ် ၁၃မြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း ခရိုင်ပညာရေးမှူး ဒေါ်စန်းနုနှင့် ရန်ကုန် မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန် နောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယနေ့လှူဒါန်းသည့် ကျောင်းသုံး ပစ္စည်းများနှင့် ကျောင်းဝတ်စုံများ၏ တန်ဖိုးမှာ ရန်ကုန်အနောက်ပိုင်းခရိုင် အတွက် ငွေကျပ် ၃၈သိန်းကျော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွက် ငွေကျပ် ၆၇သိန်းကျော် ဖြစ်သည်။

လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် မေ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင် ၌ကျင်းပသော ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး အခမ်း အနားများတွင် ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ရန် မတည်ငွေ ကျပ်သိန်း ၅၀ကို လှူဒါန်း သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၆ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေ ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃၀ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ပေးအပ်

ရေးဦးစွာဝန်ကြီးက ၂၀၀၆ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ၂၀၀၆ခုနှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားနေကြသော ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာသင် ထောက်ပံ့ကြေးငွေ များကို ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လက်ခံကြသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဝန်ထမ်းမိသားစုများ၏ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင် ထောက်ပံ့ကြေးငွေများကို ဌာနေကိုယ်စားလှယ် တစ်ဦးအား ပေးအပ်စဉ်။

(ပို့ဆောင်ရေး)

စာအုပ်နှင့်စာရေးကိရိယာပေးအပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၀ရက်က အထက(၁)မြဝတီခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်စဉ်။ (၅၃)

မသန့်ရှင်းသောရေ သောက်သုံးမိ၍ ပါကစ္စတန်တွင် လူကိုးဦး အသက်ဆုံးရှုံး

အစ္စလမ္မာဘတ် ဇွန် ၁

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ မြို့တစ်မြို့တွင် နေထိုင်သော ပြည်သူများမှာ အညစ်အကြေးမကင်းစင်သော သောက်သုံးရေများကို သောက်သုံးမိသည့်အတွက် အသက်ဆုံးရှုံး ရသူ ဦးရေမှာ ကိုးဦးအထိ ရှိလာပြီး လူပေါင်း ၁၉၀၀၀တို့မှာလည်း မနာမကျန်းဖြစ်ခဲ့ရသည်ဟု တာဝန်ရှိသူများက မေ ၂၆ ရက်တွင် ပြောကြားသည်။

ဖာဆာလာဘတ်မြို့ရှိ ဆေးရုံမှ ဝန်ထမ်းများသည် မေ ၁၄ရက်ခန့်မှစ၍ ဝမ်းဖောဝမ်းရောင် ရောဂါဖြစ်နေသူ၊ အထက်လှန်အောက်လျှော့ဖြစ်သူ လူနာထောင်ပေါင်းများစွာကို ကုသပေးခဲ့ရသည်ဟု ခရိုင်ကျန်းမာရေးအရာရှိ ရာနာ အမ်ရမ်က ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်အတွင်းက ဝမ်းနှင့်သက်ဆိုင်သော ရောဂါကြောင့် သေဆုံးသူနှစ်ဦး ထပ်မံတိုးလာရာ ဝမ်းနှင့်ဆိုင်သော ရောဂါကြောင့် သေဆုံးရသူဦးရေ စုစုပေါင်းမှာ ကိုးဦးရှိသွားပြီဖြစ်သည်။ ထိုသေဆုံးသူများတွင် ငါးဦးမှာ ကလေးငယ်များဖြစ်သည်။

အင်တာနက်သတင်း

ဖာဆာလာဘတ်မြို့သည် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် တည်ရှိပြီး စက်မှုလက်မှု လုပ်ငန်းအများအပြား တည်ရှိသော မြို့ဖြစ်သည်။ ထိုမြို့ရှိ အလုပ်သမားများ နေထိုင်ရာရပ်ကွက်ကို ဖြန့်ဝေပေးသော ရေပိုက်မှာ အညစ်အကြေးများနှင့် ရောနှောမိသဖြင့် ရောဂါဘယများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ခရိုင်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးအစ်လမ်ချောင်းဒရီးက ပြောကြားသည်။

အဆိုပါဒေသတွင် ပူပြင်းသောရာသီရောက်တိုင်း ယခုကဲ့သို့သော အဖြစ်အပျက်မျိုး ပေါ်ပေါက်လေ့ရှိသည်ဟု ဆိုသည်။ ယခုအခါ ပြည်သူအများအနေဖြင့် ရေကို ကျိုချက်၍သောက်ကြရန် သတင်းမီဒီယာများမှတစ်ဆင့် လှုံ့ဆော် အသိပေးလျက်ရှိသည်။ ဆေးရုံများသို့ ရောက်လာသော လူနာဦးရေမှာလည်း ရက်ပိုင်းအတွင်း သိသာစွာကျဆင်းလာသည်ဟု ဆိုသည်။

အင်တာနက်။

အင်ဒိုနီးရှားတွင် ဟိုဘစ်လူပုကလေးများ၏ ရုပ်ကြွင်းများတွေ့ရှိ ဦးနှောက်ပင်သေးသော်လည်း လက်နက်ကိရိယာဖန်တီးနိုင်စွမ်းရှိ

လန်ဒန် ဇွန် ၁

အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းတစ်ကျွန်းပေါ်တွင် မကြာသေးမီအချိန်က ဟိုဘစ် (Hobbit)ခေါ် လူပုကလေးများ၏ရုပ်ကြွင်းများကိုတွေ့ရှိခဲ့ရသည်။ ထိုလူပုကလေးများမှာ အရပ်သုံးပေခန့်ရှိပြီး ဦးနှောက်အရွယ်အစားပင် သေးသော်လည်း ကျောက်လက်နက်များကို ဖန်တီးနိုင်လောက်အောင် အသိဉာဏ်ရှိသည်ဟု သိပ္ပံပညာရှင်များက မေ ၃၁ ရက်တွင် ပြောကြားသည်။

ဟိုဘစ်လူပုကလေးများ၏ ဦးနှောက်အရွယ်အစားမှာ ဂရိတ်ဖရုအရွယ်အစားမျှသာရှိရာ ထိုမျှအရွယ်ငယ်သော ဦးနှောက်ပိုင်ရှင်များက လက်နက်ကိရိယာများ ဖန်တီးနိုင်စွမ်းသည် ဆိုသောအယူအဆကို အချို့ပညာရှင်များက သံသယရှိကြသည်။

အင်ဒိုနီးရှားနိုင်ငံ ကျွန်းတစ်ကျွန်းပေါ်၌ တွေ့ရှိရသော လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀၀၀ အချိန်က နေထိုင်ခဲ့သည့် ဟိုဘစ်ခေါ် လူပုကလေးများ၏ ရုပ်ကြွင်းတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုဟိုဘစ်လူပုကလေးများသည် အဆိုပါကျွန်းပေါ်၌ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ခန့် အချိန်က နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ ယင်းကျွန်းပေါ်တွင်ထိုခေတ်ကာလကထက် ရှေးကျသောအချိန်က ဖန်တီးပြုလုပ်ထားသည့် ကျောက်လက်နက်ကိရိယာများကိုလည်းတွေ့ရှိထားကြသည်။ သို့ဖြစ်၍ ဟိုဘစ်လူပုကလေးများသည် ထိုလက်နက်ဟောင်းများကိုအတုယူ၍ ကျောက်လက်နက်များကို ပြုလုပ်ယူခြင်းဖြစ်နိုင်သည်ဟူသော ယူဆချက်လည်းရှိသည်။

ရှေးယခင်က လက်နက်ကိရိယာပြုလုပ်ယူနိုင်စွမ်းသည့် လူတူသတ္တဝါများတွင် ဦးနှောက်အရွယ်အစားနှင့် ဆက်စပ်နေသည်ဟု လက်ခံထားကြသည်။ ဦးနှောက်အရွယ်အစားကြီးမှသာ လက်နက်ကိရိယာ ဖန်တီးနိုင်စွမ်းရှိသည်ဟုယူဆခဲ့ကြသည်။ သို့ရာတွင် ဟိုဘစ်များနှင့် သက်ဆိုင်သော ယခုတွေ့ရှိချက်များကြောင့် ဦးနှောက်နှင့်လက်နက်ကိရိယာဖန်တီးနိုင်စွမ်း ဆက်စပ်နေသည်ဆိုသော အယူအဆကို ပြင်ဆင်စဉ်းစားရမည်ကဲ့သို့ ရှိသည်ဟု သိပ္ပံပညာရှင်အက်ဒမ်ဘရမ်းက ပြောကြားသည်။

ဘရမ်းသည် ဟိုဘစ်လူပုကလေးများ၏ ရုပ်ကြွင်းနှင့်ပတ်သက်၍ ဦးဆောင်လေ့လာနေသော အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ ထို့အပြင်၎င်းသည် ကင်ဘာရာမြို့ရှိ ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ ပညာရှင်တစ်ဦးလည်းဖြစ်သည်။

ဟိုဘစ်လူပုကလေးများ၏ရုပ်ကြွင်းကို အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၏ အရှေ့ဘက်ရှိ ကျွန်းတစ်ကျွန်းပေါ်တွင်တွေ့ရခြင်းဖြစ်သည်။ ထိုကျွန်းပေါ်တွင် ဖွတ်နှင့်သဏ္ဌာန်တူသော ကိုမိုဒို နဂါးခေါ်တွားသွားသတ္တဝါကြီးများ၊ ဆင်ပုမျိုးများနှင့် အခြားထူးခြားသော သတ္တဝါများ နေထိုင်ကျက်စားသည်ကို တွေ့ရသည်။

အင်တာနက်။

➥ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတားများအနေဖြင့် မင်းကြောင်းချောင်းတံတားအပါအဝင် ၃၄ စင်း တည်ဆောက်ပေးထားသည်။ ရန်ကုန်-ကျောက်ဖြူလမ်း ဖောက်လုပ်ရာတွင် ပထမအဆင့်အနေဖြင့် တောင်ကုတ်မှ မအီလမ်းပိုင်းကို ၂၀၀၀ ပြည့်နှစ်တွင် လမ်းအူကြောင်း စတင်တိုင်းတာစေပြီး ၂၀၀၂ ခုနှစ်တွင် လုပ်ငန်းစတင် ဆောင်ရွက်၍ လမ်းရောတံတားများပါ ၂၀၀၅ ခုနှစ်တွင်ပြီးစီးခဲ့သည်။ တောင်ကုတ်-မအီလမ်းပိုင်း အတွင်းရှိ ကိုင်းရှည်တံတား၊ တန်းလွှဲတံတား၊ ဆားပြင်တံတား၊ လမူးတံတားနှင့် မအီချောင်းတံတားတို့ကို ၂၀၀၁ ခုနှစ်တွင် အပြီးတည်ဆောက်ခဲ့သည်။

ဒုတိယအဆင့်အဖြစ် မအီ-ကျောက်ဖြူလမ်းပိုင်းကို ဖောက်လုပ်ခဲ့ပြီးဖြစ်၍ စုစုပေါင်း ၇၇မိုင် အနက် (Swamp Portion) ဒီရေရွံ့ညွှန်တော မိုင် ၂၀ အတွင်းတွင် ဆောင်ရွက်ရမှုမှာ အခက်ခဲဆုံးဖြစ်သည်။ လုပ်ရိုးလုပ်စဉ် မြေဖို့၊ ကျောက်ခင်းကြိတ်ရုံဖြင့်မပြီးဘဲ ပင်လယ်ဒီရေတက် ရွံ့ညွှန်တောအတွင်း ခေတ်မီနည်းစနစ်အရ အောက်ခြေမြေသားခိုင်မာအောင် (Geotextile) နည်းစနစ်ဖြင့် ပြုပြင်ရသည်။ ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်းတို့ကိုသာမက ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းအလွယ်တကူ ကူးလူးဆက်သွယ်ပေးသည့် ၄၅ မိုင်ခန့်ရှိ အမ်း-ပဒဲကြောလမ်းကို ရခိုင်ရိုးမကိုဖြတ်၍ လူအား၊ စက်အားအသုံးပြုပြီး ခက်ခက်ခဲခဲ ဆောင်ရွက်လျက်ရှိနေပေသည်။

ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် လွယ်လင့်တကူ ကောင်းမွန်စွာ ကူးသန်းဆက်သွယ်သွားလာနိုင်ပြီး အခြားပြည်နယ်၊ တိုင်းဒေသအသီးသီးနှင့် မကွေးတိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ တစ်ဆင့်သော်လည်းကောင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ ရန်ကုန်-ကျောက်ဖြူလမ်းနှင့်အတူ ဖွင့်လှစ်ခဲ့သည့် မင်းကြောင်း ချောင်းတံတားသည် ရန်ကုန်-တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်၌ ပေ ၁၈၀ အထက် တံတားကြီး ၁၀ စင်းရှိသည့်အနက် တစ်စင်းအပါအဝင်ဖြစ်သည်။

မင်းကြောင်းချောင်းတံတား တည်ဆောက်ရာတွင် တည်ဆောက်ရေး ကာလအစဦးပိုင်း၌ တံတားတည်ဆောက်ရန် အဓိကလိုအပ်သည့် ရေချိုမရရှိနိုင်၍ ရေမိုင် ၇၀ ကျော် ကွာဝေးသော ကျောက်ဖြူမြို့မှ ရေယာဉ်များဖြင့် ခက်ခက်ခဲခဲ သယ်ယူ၍ အသုံးပြုခဲ့ရသည်။ ထို့ကြောင့် ရေချိုလုံလောက်စွာ ရရှိရေးအတွက် ရေလှောင်တမံနှစ်ခု တည်ဆောက်ခဲ့ရာ မင်းကြောင်းချောင်း တံတားကြီး တည်ဆောက်ရာတွင် အကျိုးပြုခဲ့သည်။ ထို့အပြင် ပင်လယ်ရေ အတက်အကျနှင့်ကြုံတွေ့ပြီး ရေချိုရရှိနိုင်ရန် အလွန်ခက်ခဲသည့်ဤဒေသတွင် ဒေသခံပြည်သူအားလုံး ရေချိုလုံလောက်စွာ အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

စာရေးသူတို့သည် ရခိုင်ပြည်နယ်၏ ကမ်းရိုးတန်းအိပ်မက်လမ်းမကြီးပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းအဖုံဖုံကို ဖြတ်သန်းကြည့်ရှုရင်း လျှောက်လှမ်းခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။

၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။

၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။

၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။

၅။ ကိုယ်ခံစွမ်းအားမြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။

၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။

၈။ စိတ်ဖိစီးမှု လျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။

၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်းနေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

▲ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြ၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စံချိန်စံညွှန်းမီစွာ တည်ဆောက်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဘောလုံးကွင်းနှင့်ပန်းခြံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကမာကြည်လမ်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသော ကမာကြည်ဘောလုံးကစားကွင်းနှင့် ပန်းခြံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြ၍ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဘောလုံးကစားကွင်းအနီးရှိ အိမ်ရာများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းများပြုပြင်ရေး ဆောင်ရွက်ရန်မှာကြားပြီး အားကစားကွင်းနှင့် ပန်းခြံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်ဆောင်ရွက်

အဆိုပါငမိုးရိပ်တံတား(ကမာကြည်)မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်သည် ပေ ၉၇၀ ဖြစ်သည်။ တံတားအကျယ် ပေ ၆၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၄၈ ပေနှင့် လူသွားလမ်းအကျယ် ၁၂ပေဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၆၅ ပေဖြစ်ပြီး အမြင့်မှာ ၁၁ ပေဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ပင်မတံတားအရှည်ပေ ၉၇၀ တွင် ရေလယ်တိုင် ၁၃ တိုင်ပါရှိသည်။ ရေလယ်တိုင် P1 မှ P11 တွင် P7 ရေလယ်တိုင်တစ်ခုသာ ဆောင်ရွက်ရန်ကျန်ရှိပြီး ကျန်ရေလယ်တိုင်များမှာ လုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်သည်။ A1 နှင့် A2 ရေလယ်တိုင်နှစ်ခုမှာလည်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် P7 ရေလယ်တိုင်မှာ ဘိုးပိုင် ၁၀ လုံးအနက်မှ ဘိုးပိုင်ငါးလုံး ဆောင်ရွက်ပြီးစီးနေပြီး ကျန်ဘိုးပိုင်ငါးလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သုဝဏ္ဏဘက်ခြမ်းရှိ ချဉ်းကပ်လမ်းပေ ၅၀၀ ကို မြေကြီးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည်။ သာကေတဘက်ခြမ်းရှိ ချဉ်းကပ်လမ်းပေ ၅၀၀ ကို မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တံတားစီမံကိန်းကို ၁၄-၅-၂၀၀၄ ရက်မှ စတင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ငမိုးရိပ်ချောင်းကူး ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၁၀ ရက် တရားစခန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက် သဒ္ဓမ္မဝံသ မဟာစည် သာသနာ့ရိပ်သာတွင် (၁၈၂)ကြိမ်မြောက် ၁၀ ရက် တရားစခန်းပွဲကို ဇွန် ၈ရက်မှ ၁၇ရက်အထိနှင့် (၁၀)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် ရေစက်ချပွဲကို ဇွန် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၁၀ ရက်စခန်းပွဲတွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုမန မဟာထေရ်မြတ်က မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဇွန် ၇ ရက် အရောက်လာရောက်ကြရန်နှင့် ထာဝရ ဆွမ်းပဒေသာပင် အလှူရှင်များ ဇွန် ၁၀ရက် မွန်းလွဲ ၁ နာရီ ကြွရောက်ကြရန် နိုးဆော်ထားသည်။ တရားစခန်းဝင်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများ ဖုန်း- ၆၉၀၆၀၄ သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူပျိုးထောင်ထားရှိသော ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရန်ကုန်မြို့တော်ဝန်သည် နံနက် ၇ နာရီတွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း၌ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူ ပျိုးထောင်ထားရှိသည့် ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်းသို့ ရောက်ရှိရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ၊ ဒုတိယဌာနမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပြီး စိုက်ပျိုးခဲ့ရာ ပျိုးပင်လေးသိန်းပေါက်ရောက်ရှင်သန် ကြီးထွားနေမှုနှင့် ယခုနှစ်မိုးရာသီတွင် မြေချစိုက်ပျိုးရန် အသင့်ဖြစ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းနှင့် မင်းဓမ္မလမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအတွင်း၌ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာန၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းနှင့် စိုက်ခင်းသို့သွားရောက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူစိုက်ပျိုးမည့် ခြံစည်းရိုးကြက်ဆူပင်ဧကတစ်သောင်း ပြည့်မီစေရန် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းနှင့် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တစ်ပင်စိုက် တစ်ပင် ရှင်သန်စေရန် ကြပ်မတ်ဆောင်ရွက်ရေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေလွတ်၊ မြေကွက်လပ်များ၌ တိုးချဲ့စိုက်ပျိုးနိုင်ရန် ပျိုးအိတ်များဖြင့် ပျိုးကိုင်းများ၊ မျိုးစေ့များ ထပ်မံပျိုးထောင်ထားရှိရေး မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနက မိဘများအား အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးဌာနက မိဘများအား အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ဆရာမများနှင့် ကလေးမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သက်မြိုင်က ကလေးသူငယ်ဖွံ့ဖြိုးမှု မိသားစုသိသင့်သော အချက်များအကြောင်းကို အသိပညာပေး ဟောပြောပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက မိဘများအတွက် ကျန်းမာရေး အသိပညာပေးဟောပြောကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနက မိဘများအား အသိပညာပေး ဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်တောရယ် သာစေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပဲခူးတိုင်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၅ ရက်တွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနောက်ဘက် ၂၁ဒသမ၅ မိုင်ခန့်အကွာ ရဲနွယ်ချောင်း၏ လက်ယာဘက်ကမ်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေယူအဆောက်အအုံနှင့် ရေထိန်းတံခါး ထိန်းချုပ်ခန်း၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် စက်ရုံအတွင်း တာဘိုင်များ တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားထိန်းချုပ်ခန်းနှင့် စက်ခလုတ်များ တပ်ဆင်ပြီးစီးမှု၊ ရေယူဥမင်လိုဏ်(အထွက်) တူးဖော်ခြင်းလုပ်ငန်းနှင့် ပင်မရေလှောင်တမံလုပ်ငန်းတို့ကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

၂၅ မဂ္ဂါဝပ်

ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြီးစီးပါက စက်ရုံတွင် ၁၂ဒသမ၅ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း ၂၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၃သန်းကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါး ကျေးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းရရှိမှု၊ သယ်ယူမှုနှင့် နှစ်အလိုက်လုပ်ငန်းလျာထား သတ်မှတ်ထားမှုစသည်တို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်း၏ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းတို့တွင် ပင်ပတမံ ကျောက်သားမြေဖို့ခြင်းလုပ်ငန်း၊ ရေလွှဲ ရေထုတ်ပြွန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းတစ်လျှောက် မြေကြီးနှင့်ကျောက်သားတူးဖော်ရှင်းလင်းခြင်း လုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်လုပ်ငန်းစတင် ဆောင်ရွက်နေခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ရွှေကျင်ချောင်းပေါ်၌ ရေလှောင်တမံတည်ဆောက်၍ ၁၈ဒသမ ၇၅ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်လေးလုံး စုစုပေါင်း ၇၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ထို့နောက်ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လေ့ကျင့်ရေးဌာန

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှိုင်သာယာရှိ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနသို့ ရောက်ရှိပြီး သင်တန်းကျောင်းရှိ စာသင်ခန်း၊ စာကြည့်တိုက်နှင့် သရုပ်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမှာကြား

ဆက်လက်၍ သင်တန်းကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် သင်တန်းကျောင်းရှိ ထမင်းစားခန်း၊ အိပ်ဆောင်နှင့် အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

❀ မန္တလေးတိုင်းမှ

ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်တွင် မန္တလေးတိုင်းအတွင်း ပံ့ပိုးရန်လိုအပ်သော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက လက်ခံရယူသည်။

ထို့နောက် တိုင်းပညာရေးမှူး ဦးစောထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးအပ်ခဲ့

မန္တလေးတိုင်းအတွက် အမှန်တကယ် ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၈၀၃ ဦးတို့အား စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့ငွေကျပ် ၃၀၇သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်၍ ယခုအခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၃၁၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

✳ တိုင်းမှူးမှ

ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်ပညာရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်တန်းသားများအတွက် ထောက်ပံ့ငွေများကိုအသီးသီး ပေးအပ်ကြသည်။

ထို့နောက်သင်တန်းသား၊သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်လျက်ရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်မည့် အခြေအနေကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အရှေ့ပိုင်း တက္ကသိုလ် ဘူတာ

သန်လျင်မြို့ အရှေ့ပိုင်း တက္ကသိုလ် ဘူတာကို တွေ့ရစဉ်။

(သတင်း-ကျောဖုံး)
(ရထား)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေး နှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွံ့ညွှန်များရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ပညာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများ၊ နေပြည်တော်၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမ များတွေ့ဆုံသည့် အခမ်းအနားကို မေ ၂၄ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ဇေသီဒါခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်၊ ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဦးမောင်မြင့်နှင့် တာဝန်ရှိသူများ၊ မန္တလေးပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးတင်မောင်သန်း၊ မန္တလေးတိုင်းပညာရေးမှူး ဦးစောထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး၊ နိုင်ငံတော်ကအားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေးသင်ကြားပျိုးထောင်ပေးနိုင်သည့် ဆရာ၊ ဆရာမများဖြစ်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြဆရာ ဆရာမများအား ပြင်ဦးလွင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ တွေ့ဆုံ၍ သင်ကြားရေးကိစ္စရပ်များ၊ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းသည် မေ ၂၆ ရက်တွင် မြစ်ကြီးနားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၂၇ ရက်တွင် မြစ်ကြီးနားမြို့ ပညာရေးကောလိပ်သို့ ရောက်ရှိပြီး အဆိုပါ ကောလိပ်ရှိ ခန်းမဆောင်၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ပြည်နယ်ပညာရေးမှူးနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ကျောင်းသားရေးရာဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာသင်တန်း(DTEC)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ သင်ကြားသင်ယူမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၆ (သောကြာနေ့)
၁၃၆၈ခုနှစ်၊ နယုန်လဆန်း(၇ရက်)
(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ပေါင်းစည်းအင်အား ရောဝတီမြစ်ကူးတံတားများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၅၅ ၄။ **"အလံလေးတော့ကိုင်ပြပါ" (ဖွဲ့နိုင်ဝင်း၊ရောပေါ်လေး၊ ချစ်စရာ၊ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅:၅၀ ၉။ "ရုပ်ရှာပညာပဒေသာ ဖွင့်ပါမနှေး ကျေးလက်ဖွံ့ဖြိုးရေး (အပိုင်း-၂)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ" (အပိုင်း-၁၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ" (အပိုင်း-၁၁)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကျောင်းအပ်နှံပွဲ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျောင်းအပ်နှံပွဲနှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ မိသားစုဝင်များ၏ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်ကျောင်း အတွင်း ကျောင်းသား၊ ကျောင်းသူများ အား ကျောင်းအပ်နှံနေမှုနှင့် ကျောင်း ဝင်လက်ခံနေမှုကို လိုက်လံကြည့်ရှု ကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေသည် ရန်ကုန် တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိသားစု စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင် နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများလှူဒါန်းသည့် သုတ၊ ရသ စာအုပ်မျိုးစုံကို လက်ခံကာ စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မူလ တန်းကျောင်းဝင်းနှင့် မူလတန်းကြို ကျောင်းဝင်းများအတွင်း သွေးလွန် တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းနေမှုကို ကြည့်ရှုကြ သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မိသားဝင်များ၏ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်း အဝေး(၅/၂၀၀၆)ကိုမေ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယ ထပ်ရှိ အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှ မြိုင် (ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှ ထွန်း(လှထွန်း-တွံတေး)က ဗဟိုအလုပ် အမှုဆောင်ကော်မတီအစည်းအဝေး (၄/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။ ယင်းနောက် ရုံးအဖွဲ့၊ စည်းရုံးရေး လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ် ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာ ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့၊ စာပေ ရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေ သူမှတ်ပုံတင်စိစစ်ရေးအဖွဲ့တို့၏ အဖွဲ့ ခေါင်းဆောင်များက အဖွဲ့လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို တင်ပြကြ သည်။ ဆက်လက်၍ ဗဟိုအမှုဆောင် ကော်မတီဝင်များက ၂၀၀၆ ခုနှစ် ဇွန်လအတွင်း စတုတ္ထအကြိမ် စာပေ ညီလာခံကျင်းပနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုလုပ်ငန်းအဝဝကို သတ်မှတ် ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရေးကိစ္စနှင့် မေ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ကျင်းပသော စာပေနှင့် အနုပညာမှုပိုင်ခွင့်ဆိုင်ရာ အမျိုးသား အဆင့် နှီးနှောဖလှယ်ပွဲ အောင်မြင်မှု များကို သုံးသပ်မှတ်တမ်းတင်ပြီး အခြားလိုအပ်သည့် လုပ်ငန်းတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ချီးမြှင့်

မေ ၃၀ ရက်က ၂၀၀၆ ခုနှစ် လူသစ်တန်းနှင့် သက်ငယ်တန်း တံခွန်စိုက်ဂျူဒိုပြိုင်ပွဲနှင့် ပဏာမ လူရွေးပွဲတွင် တံခွန်စိုက်ဆုရရှိ သွားသော ရထားပို့ဆောင်ရေး အသင်းအား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဆုချီးမြှင့် စဉ်။ (ကြေးမုံ)

ကြေးပိဋကတ်တော် ပူဇော်ရန်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁

မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာတော် များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူကို ဆရာ တော် ဘဒ္ဒန္တဉာဏ (သာသနဓဇမ္မော စရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာတိုက်ကျောင်း၊ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်က ဦးဆောင်၍ ပြုလုပ် လှူဒါန်းလျက်ရှိသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် အုန်း တစ်ပင်ကျေးရွာ သာသနာလင်္ကာရ ကျောင်းတိုက် ဆရာတော် ဦးတေဇနိယ (ဓမ္မာစရိယ)၊ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်နေ ဦးအောင်သန်း စိန်-ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုး သန်း၊ ကွယ်လွန်သူဖခင်ကြီး ဦးကြည် ဆောင်၊ မိခင်ကြီး ဒေါ်ခင်မတို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် ရေကျော် ရပ်ကွက် မဟာဗေယျလမ်းနေ ဦးချို ထွန်း-ဒေါ်သိမ့်သိမ့်ထွန်း၊ သမီး မသူသူ ထွန်းမိသားစု၊ ကွယ်လွန်သူ ဦးကျော် သာန လေးနှစ်ပြည့်အထိမ်းအမှတ် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ သမီး ဒေါ်ခင်နှင်းနု၊ ဒေါ်ဆန်းဆန်းရီ၊ ကွယ်လွန်သူဖခင် ဦးစိုးလွင်၊ မိခင် ဒေါ်ပြုံးတို့အား ရည်စူး၍ ရန်ကင်း မြို့နယ် သစ္စာလမ်းနေ ဒေါ်လှကြည်၊ ဒေါ်မို့မို့လွင်၊ ဒေါ်ပို့ပို့လွင်တို့က ကြေး ပြားတစ်ချပ်စီ အသီးသီး လာရောက် လှူဒါန်းကြကြောင်းသိရသည်။

(ကြေးမုံ)

မုဒုံမြို့ ကျွန်းရွာလမ်း ရေစီး ရေလာ ကောင်းမွန်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် အုတ်ရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင် ရွက်နေမှုကို မေ ၂၄ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိဦးဖုန်းလွင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင် တို့ ကြီးကြပ်ဆောင်ရွက်ပေးကြ စဉ်။ (မြို့နယ်ပြန်/ဆက်)

ဝန်ထမ်းရေးရာဦးစီးဌာန ပညာသင်စရိတ် ထောက်ပံ့

ရန်ကုန် ဇွန် ၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာနရှိ ဝန်ထမ်းများ၏ သား၊သမီးများအား ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည့် အခမ်းအနားကို မေ ၂၉ရက်တွင် ယင်းဦးစီးဌာန၌ ပြုလုပ်ရာ တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၃၉ဦး တို့အား ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖုံလှက ပညာသင်ထောက်ပံ့ကြေးများ အသီးသီးပေးအပ်သည်။

(သတင်းစဉ်)

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ မဖမ်းရန်

ပညာပေးနှိုးဆော်ချက် ၂/၉၇

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝ နေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှမကြာမီ ထောင်ပေါင်း များစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည် ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန် တုပ်ကြီးများအားဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန် များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသား စီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထား ရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် (၁/၉၂) ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ပါ ပြဋ္ဌာန်းချက်များအရ တရား စွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့ သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေး ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဝိုင်အမ်ဘီအေ အဘိဓမ္မာသင်တန်း

ရန်ကုန် ဇွန် ၁

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) အဘိဓမ္မာသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ရက် နံနက် ၉နာရီတွင် ကျင်းပ၍ ဆရာဦးမြင့်စိုး (ဓမ္မာစရိယ၊ ဝိနယပါဠိ ပါရဂူ) ဆရာဦးတင့်ဝေ (ဓမ္မာစရိယ၊ B.A)နှင့်ဆရာဦးတင့်ဆန်း (ဓမ္မာစရိယ၊ B.A) တို့ကပို့ချမည်ဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း တက်ရောက် မည့် သင်တန်းသားများအား မှတ်စု အခမဲ့ပေးမည်ဟု သိရသည်။ (၂၃)

မီးသတိပြု

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၂၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၃၅ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၅:၁၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ စောင့်မျှော်ရှုစားကြီးဝိုင်းစကား
- ၆:၅၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၃၂)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဗျတ္တိ"(၆)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ကြက်ငှက်တုပ်ကွေး မဖြစ်ပွားအောင် ထိန်းသိမ်းထားနိုင်ပြီဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်သွားရန်လို ကြီးကြပ်ရန်လွယ်ကူမည့် စုပေါင်းမွေးမြူရေးစနစ်သို့ ပြောင်းလဲ

ရန်ကုန် ဇွန် ၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ရက်တွင် စစ်ကိုင်းတိုင်း မြင်းမူမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကာကွယ်ဆေးနှင့် သုတေသနဌာနစု အထက်မြန်မာပြည် ခွာနာလျှာနာကာကွယ်ဆေး ထုတ်လုပ်ရေးဓာတ်ခွဲခန်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တို့သည် တိုင်းအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ဝန်ကြီးသည် မုံရွာစက်မှုဇုန်ခန်းမ၌ ကျင်းပသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့် ဒေသများသို့သွားရောက်၍ ရောဂါမဖြစ်ပွားနိုင်အောင် ထိန်းသိမ်းထားနိုင်ပြီဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်ကကဲ့သို့ အိမ်အလိုက် မွေးမြူနေမည့်အစား ပိုမိုကြီးကြပ်ရန်လွယ်ကူမည့် စုပေါင်းမွေးမြူရေးစနစ်သို့ ပြောင်းလဲမွေးမြူသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချင်းချင်းကွန်ရက်စနစ်များကို ဖြန့်ချိပြီး ထူးခြားမှုများတွေ့ရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အချိန်မီသတင်းပို့ ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများကို စမ်းသပ်နေပြီဖြစ်သဖြင့် မိမိနိုင်ငံအတွက် သင့်တော်မည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ရရှိနိုင်ရေးအတွက် ကျွမ်းကျင်သည့် ပညာရှင်များက ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးမှုဘဏ်က ကြက်သားပေါက်ထုတ်လုပ်နိုင်ရေးအတွက် ငွေကျပ် သိန်းပေါင်း ၅၀၀ ချေးငှား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မိမိတို့အနေဖြင့် ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်နိုင်ခဲ့၍ ကြက်ငှက်တုပ်ကွေးရောဂါသည် လူတွင်ကူးစက်မှု လုံးဝမရှိခဲ့ဘဲ နောင်တွင်လည်း ဇီဝလုံခြုံရေး(Biosecurity)ကို အတိအကျလိုက်နာပြီး ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မုံရွာမြို့ရှိ တိုင်းမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးကိုလည်းကောင်း၊ တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေဘိုမြို့ရှိ ပြည်ရွှေဘိုသည့်ရိပ်သာ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကြက်ဥ၊ ကြက်သားများကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုထားသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်များကို စနစ်တကျထုတ်ပေးပြီး ပြည်နယ်နှင့်တိုင်းများတွင် အဝင်/ အထွက်များကို စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ကြက်ဥများကို ပိုမိုစိတ်ချစွာ ပိုးသတ်မှိုင်းတိုက်၍ ရောဂါပိုးသန့်စင်ပြီး တင်ပို့ရောင်းချသွားရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဝန်ကြီးသည် မေ ၂၉ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်း ငါးမွေးမြူရေး စခန်းသို့ ရောက်ရှိရာ ရှေးဦးစွာ စခန်းတာဝန်ခံ ဦးလှငွေက ၂၀၀၆ ခုနှစ် ဆောင်းထိုးသားဖောက်ရာသီအတွင်း ငါးမှုန်ကောင်ရေ သိန်း ၁၂၀ပျိုးထောင်ထားရှိပြီး ဇွန်လဆန်းလျှင် သဘာဝမြစ်ချောင်းများတွင် ငါးမျိုးများ စိုက်ထည့်ခြင်း၊ ပုဂ္ဂလိကရေလုပ်ငန်းရှင်များသို့ ရောင်းချသွားခြင်းတို့ကိုတင်ပြပြီး ဝန်ကြီးက သဘာဝရေပြင်များ၌ လှောင်အိမ်များဖြင့် ငါးသန်များပြုစုသွားနိုင်ရန်၊ ပိုက်ဖြင့် ပြုလုပ်သော ငါးကန်များ ချုပ်လုပ်၍ ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ စခန်းအတွင်းရှိငါးသားဖောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်မြို့၌ တရားရုံးချုပ်မှဖွင့်လှစ်သော ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ် အဆောက်အအုံ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီးနှင့် ခရိုင်တရားသူကြီးများ၊ အကြံပေးအရာရှိကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းပြုလုပ်သော ကြက်ငှက်တုပ်ကွေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာအဖွဲ့ခေါင်းဆောင် Ms Bridget Gardner တို့က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကိုကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူတို့က ကြက်ငှက်တုပ်ကွေးနှင့်ပတ်သက်၍ တွေ့ရှိချက်များ၊ ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ နီးနွယ်သည့်ဌာနများမှ ကိုယ်စားလှယ်များက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး၊ ပညာပေးရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၂ရက် အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်



မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

၂၀၀၆ခုနှစ် ဇွန်လ ၁ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်တော်မြို့တွင် ၃ဒသမ၆၆လက်မ၊ သာယာဝတီမြို့တွင် ၂ဒသမ၆၈လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ၅၂လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၄၄လက်မ၊ ပင်လောင်းမြို့တွင် ၂ဒသမ၃၆လက်မနှင့် မင်းဘူးမြို့တွင် ၀ ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) **၃၁-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) **၁-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း **၁-၆-၂၀၀၆**

နေပူသည့်နာရီပေါင်း မရှိ **၃၁-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၆-၂၀၀၆	၀ဒသမ၀၈လက်မ	၀ဒသမ၁၉လက်မ	၀ဒသမ၄၇လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၁၅ဒသမ၃၂လက်မ)	(၁၉ဒသမ၇၆လက်မ)	(၂၁ဒသမ၃၈ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏အများဆုံးလေတိုက်နှုန်းမှာ ၃၁-၅-၂၀၀၆ရက် ၁၅း၃၀နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ၁၂မိုင်နှုန်း တိုက်ခတ်သည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် အမျိုးသမီး ချန်းချွမ် (၁၂)နှစ်အထက်ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

နွေရာသီအခြေခံ ဝူရှူးပြိုင်ပွဲကျင်းပ အားကစားသမား ၁၀၂ ဦး ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးကုမ္ပဏီတို့ ပူးပေါင်းပြုလုပ်သည့် နွေရာသီအခြေခံ ဝူရှူးပြိုင်ပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီခွဲမှစ၍ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးချိုတူး၊ ဦးတင့်နိုင်နှင့် ဦးခွန်ဂျာအောင်၊ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝူရှူးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ချန်းချွမ်ပြိုင်ပွဲ၏ အသက် (၁၂) နှစ်အထက် အမျိုးသားပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၂) နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ကျင်းပပြီး ပြိုင်ပွဲသို့ အားကစားသမား စုစုပေါင်း ၁၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အသက် (၁၂) နှစ်အထက် အမျိုးသား ချန်းချွမ်ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က အသက် ၁၂ နှစ်အထက် အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ အသက် (၁၂) နှစ်အောက် ချန်းချွမ် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲဆုရရှိသူများကို ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများဆက်လက်ချီးမြှင့်ကြသည်။

(ကြေးမုံ)

အမျိုးသား ချန်းချွမ်ပြိုင်ပွဲ၌ ကောင်းထက်စံ၏ ယှဉ်ပြိုင်ဟန်။ (ကြေးမုံ)

ဂေါက်သီးရိုက် သင်တန်းများ ဇွန် ၄ ရက်တွင် ဖွင့်မည်

ရန်ကုန် ဇွန် ၁

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက် လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဂေါက်သီးရိုက်သင်တန်းများကို ဇွန် ၄ ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်သင်တန်းတွင် အခြေခံနှင့် အခြေခံမွမ်းမံဂေါက်သီးရိုက်သင်တန်းတို့ကို သင်ကြားပေးမည် ဖြစ်သည်။

ယင်းသင်တန်းများအနက် သင်တန်းတစ်ခုလျှင် သင်တန်းသားအများဆုံး ၁၂ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးမရွေး တက်ရောက်နိုင်ကြပြီး ဦးရာစနစ်ဖြင့် လက်ခံမည်ဖြစ်သည်။

သင်တန်းတွင် ဘောလုံး၊ ဂေါက်တုတ်နှင့် ဂေါက်သီးရိုက် ကိရိယာပစ္စည်းများကိုလည်း စီစဉ်ပေးမည်ဖြစ်ရာ တက်ရောက်လိုပါက လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်သည့်အပြင် အသေးစိတ်သိလိုပါက ဖုန်း-၀၁-၇၀၆၇၈၈သို့ စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ပြည်ပအားကစား သတင်းများ

ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိုခြေစမ်းပွဲတွင် ပြင်သစ်အသင်းက ဒိန်းမတ်ကို အနိုင်ရ

လန်းစ်(ပြင်သစ်) ဇွန် ၁



ပြင်သစ်လက်ရွေးစင် နည်းပြ ရေမွန်ဒိုးမနစ်ရှ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ပြင်သစ်နှင့် ဒိန်းမတ်အသင်းတို့ ပြင်သစ်နိုင်ငံ လန်းစ်မြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ၌ သီယာရီဟင်နရီ၏ အစောပိုင်းဂိုးနှင့် ဆီလ်ဗိန်းဝီးလ်တော့၏ အနှောင်းပိုင်းဂိုးတို့နှင့်အတူ ပြင်သစ်အသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပြင်သစ်အသင်းသည် ပြီးခဲ့သည့် စနေနေ့က မက္ကဆီကိုအသင်းကို အနိုင်ရရှိအောင် ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း ယခုပွဲတွင် ဒိန်းမတ်အသင်းကို အနိုင်ရရှိအောင် ပိုမိုလွယ်ကူစွာ ကစားနိုင်ခဲ့သည်။ သို့ရာတွင် ပြင်သစ်အသင်းသည် ဂျာမနီနိုင်ငံတွင် ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲမအောင်မြင်သော ဒိန်းမတ်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာတွင် တည်တည်ငြိမ်ငြိမ် မရှိခဲ့ပေ။

ယခုပွဲတွင် အောင်ပွဲခံရုံမျှဖြင့် မိမိတို့အသင်း အောင်ပွဲများ ဆက်လက်ခံယူနိုင်မည်ဟု အတပ်မပြောနိုင်ကြောင်း၊ သို့ရာတွင် အောင်မြင်မှုကို အစဉ်အမြဲလိုလားထိုက်ကြောင်း ပြင်သစ်နည်းပြ ရေမွန်ဒိုးမနစ်ရှ်က ပြောကြားသည်။ **အင်တာနက်။**

စံချိန်တင် အသင်းပြောင်းရွှေ့ကြေးဖြင့် ရှက်ဗ်ချင်ကိုအား ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဇွန် ၁

အင်္ဂလန်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ၎င်းအသင်းအတွက် စံချိန်တင်အသင်း ပြောင်းရွှေ့ကြေးဖြင့် အေစီမီလန်အသင်းမှ အင်ဒရေရှက်ဗ်ချင်ကိုအား ခေါ်ယူရန် ဗုဒ္ဓဟူးနေ့တွင် သဘောတူညီချက်လက်မှတ် ရေးထိုးလိုက်ကြောင်း ချယ်လ်ဆီးအသင်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် ယူကရိန်းအသင်းမှ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုအား ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားရန် လေးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။

မိမိသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိလာခြင်းမှာ မိမိအတွက် စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်ရသလိုစိတ်လှုပ်ရှားမှုလည်းဖြစ်ရကြောင်း ယူကရိန်းလူမျိုး တိုက်စစ်မှူးရှက်ဗ်ချင်ကိုက ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် အသက် (၂၉) နှစ်အရွယ်ရှိ ရှက်ဗ်ချင်ကိုအတွက် အသင်းပြောင်းရွှေ့ကြေး မည်မျှပေးရသည်ကို အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ချယ်လ်ဆီးအသင်း၏ ယခင်စံချိန်ထက်ကျော်လွန်သော ငွေကြေးပမာဏကို ပေးခဲ့ရကြောင်း၊ ယင်းအသင်း၏ ယခင်စံချိန်တင် အသင်းပြောင်းရွှေ့ကြေးမှာ ပေါင်ငွေ ၂၅ ဒသမ ၉၈ သန်းဖြစ်ပြီး ဂါနာကွင်းလယ်ကစားသမား မိုက်ကယ်အက်ဆီယန်အား လွန်ခဲ့သည့် ဩဂုတ်လက ခေါ်ယူခဲ့ရာတွင် ပြင်သစ်အိုလံပစ် လီယွန်အသင်းထံ ယင်းငွေကြေးပမာဏကို ပေးခဲ့ရကြောင်းသတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**



ဖေဖော်ဝါရီလက ဝဲဘက်ခြေထောက်အရိုးကျိုးသည့် ဝေဒနာကို ရရှိခဲ့ပြီး နောက် ပထမဆုံး ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပွဲကစားချိန်အပြည့် ပြန်လည်ပါဝင်ကစားခဲ့သူ အီတလီအသင်းမှ ဖရန်ဆက်စကိုတော့တီ။ (ဓာတ်ပုံ-အင်တာနက်)

အီတလီနှင့်ဆွစ်ဇာလန် ခြေစမ်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ

ဂျီနီဗာ ဇွန် ၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံအသင်းတို့ ဂျီနီဗာမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ချစ်ကြည်ရေးခြေစမ်းပွဲတွင် အီတလီ ကစားကွက်ဖန်တီးရှင် ဖရန်ဆက်စကိုတော့တီပါဝင်သည်။ တော့တီသည် ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် သုံးလကျော်ကာလအတွင်း ပထမဆုံးအကြိမ် ပွဲကစားချိန် မိနစ် ၉၀ ပြည့် ပါဝင်ကစားခဲ့သည်။

ပွဲချိန် ၁၁ မိနစ်တွင် အယ်လ်ဘာတိုဂီလာဒီနိုက အနီးကပ်ကန်သွင်းသည့်ဂိုးဖြင့် အီတလီအသင်းက ဦးဆောင်ခဲ့သည်။

ချေပဂိုးရရှိ

ဆွစ်ဇာလန်အသင်းသည် တစ်ဂိုးအသွင်းခံရပြီးနောက် ပြန်ဖိကစားလာပြီး ချေပဂိုးသွင်းယူနိုင်ရန် ကြိုးစားလာခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဒန်နီယယ်ဂျီးဂက်စ်က ဂိုးစည်းအစပ်မှ အားဖြင့် ကန်သွင်းခဲ့၍ ဆွစ်ဇာလန်အသင်း ချေပဂိုးရရှိခဲ့သည်။

ပထမပိုင်း ပွဲကစားချိန်ပြီးဆုံးခါနီးတွင် ဆွစ်ဇာလန်အသင်း အမှတ်မထင် ဂိုးရရှိမည့် အခွင့်အလမ်းကောင်းတစ်ရပ်ရရှိခဲ့သည်။ ထရန်ကွီလိုဘာနက်တာက ပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ပြီး လျှံထွက်လာသည့်ဘောလုံးကို လူဒိုဗစ်မက်ဂနင်က ခေါင်းတိုက်သွင်းယူသော်လည်း ဘောလုံးမှာ ဂိုးတိုင်ပေါ်မှ ကျော်ထွက်သွားခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံးက လူစားထိုးကစားမှု ခြောက်ကြိမ်ပြုလုပ်ခဲ့သော်လည်း ဂိုးသွင်းရန် အခွင့်အရေးများ နည်းပါးခဲ့သည်။ **အင်တာနက်။**

အီတလီအေစီမီလန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာသူ ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကို၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲ

ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်နိုင်သောအသင်းများ

ဂမ်ဆိုင်း



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်း ၃၂ သင်းအကြောင်းကို ကြေးမုံ စာဖတ်ပရိသတ်များအား တင်ပြခဲ့ပြီး ဖြစ်သည်။ ယခုတစ်ဖန် ဒုတိယ အဆင့်ရှုံးထွက်ပြိုင်ပွဲသို့ လည်း ကောင်း၊ ကွာတားဖိုင်နယ်သို့ လည်း ကောင်း၊ ဆီမီးဖိုင်နယ်သို့ လည်း ကောင်း ရောက်ရှိနိုင်သောအသင်း များ အခြေအနေကို တင်ပြသွားမည် ဖြစ်ပါသည်။

ယခုတင်ပြမည့် အကြောင်းအရာ သည် စာရေးသူ စိတ်ကြိုက် ကောက်ချက်ဆွဲထားခြင်းဖြစ်သည်။

အကြိုတ်အနယ်

အုပ်စု(က)တွင် ဂျာမနီ၊ ကော် စတာရီကာ၊ ပိုလန်၊ အီကွေဒေါ အသင်းတို့ ပါဝင်သည်။ ဂျာမနီနှင့် ပိုလန်အသင်းတို့ အုပ်စုတက်နိုင်သည် ဟု ယူဆပါသည်။ သို့သော် ၎င်း နှစ်သင်းစလုံးသည် ကော်စတာရီကာ နှင့် အီကွေဒေါအသင်းတို့ကို အကြိတ် အနယ် ကစားပြီးမှ တက်နိုင်မည်ဖြစ် သည်။ ဂျာမနီက အုပ်စုပထမရပြီး ပိုလန် ဒုတိယဖြစ်နိုင်သည်။

အုပ်စု (ခ)တွင် အင်္ဂလန်၊ ပါရာ ဂွေး၊ ထရီနီဒက်၊ ဆွီဒင်တို့ပါဝင်သည်။ အင်္ဂလန်က အုပ်စုပထမဖြစ်နိုင်သည်။ အုပ်စု ဒုတိယနေရာအတွက် ဆွီဒင်နှင့် ပါရာဂွေးတို့ လုကြရမည်။ ဤနေရာ၌ စာရေးသူက ဆွီဒင်ကို ပို၍သဘော ကျသည်။ ထို့ကြောင့် ဆွီဒင်အား အုပ်စုဒုတိယ မှန်းထားသည်။

အုပ်စု (ဂ)တွင် ပါဝင်သည့် နယ်သာလန်အသင်းမှ ရာဖေး ဗန်ဒါဗတ်နှင့် အာဂျန်ရော်ဘင်။

အုပ်စု (ဂ)၌ အာဂျင်တီးနား၊ အိုင်ဗရီကို့စ်၊ ဆာဘီးယားနှင့် မွန်တီနီဂရိုး၊ နယ်သာလန်တို့ ပါဝင် သည်။ အစဉ်အလာအတိုင်းနှင့် မျက်မြင် အခြေအနေတို့အရ အာဂျင်တီးနားနှင့် နယ်သာလန်တို့ အုပ်စုမှ သေချာပေါက် တက်နိုင်သည်။ သို့သော် အိုင်ဗရီကို့စ် အသင်းအကြောင်းကို ကောင်းကောင်း မသိကြချေ။ ယင်းအသင်းက အာဂျင် တီးနား၊ နယ်သာလန်တို့ကို မထင် မှတ်ဘဲ ဒုက္ခပေးနိုင်ပါသည်။ အထူး သဖြင့် နယ်သာလန်ကို ပို၍ဒုက္ခပေး နိုင်သည်။ ဤအုပ်စုမှာ မှန်းဆချက် အတိုင်းဖြစ်မည်ဆိုလျှင် အာဂျင်တီးနား ပထမ၊ နယ်သာလန် ဒုတိယဖြစ်နိုင် သည်။ သို့သော် နယ်သာလန်နေရာ၌ အိုင်ဗရီကို့စ်ကိုလည်း မှန်းထားနိုင်သည်။

ဖျက်မြင်း

(ဃ)အုပ်စုတွင် မက္ကဆီကို၊ အီရန်၊ အင်ဂိုလာ၊ ပေါ်တူဂီတို့ အတူကျသည်။ အာရှအသင်းဖြစ်သည့် အီရန်က အာဖရိက၊ ဥရောပ၊ တောင်အမေရိက/ သမုဒ္ဒရာပိုင်းဇုန်က အသင်းများကို ဖြတ်ကျော်ဖို့ ခက်လိမ့်မည်။ ထို့ကြောင့် ဥရောပမှ ပေါ်တူဂီ၊ တောင်အမေရိက/ သမုဒ္ဒရာပိုင်းဇုန်မှ မက္ကဆီကိုတို့ အုပ်စု ကျော်နိုင်သည်။ အာဖရိကမှ အင်ဂိုလာ က ဖျက်မြင်းဖြစ်လိမ့်မည်။ မည်သို့ ပင်ဖြစ်စေ စာရေးသူက ပေါ်တူဂီကို အုပ်စု ပထမပေးပြီး မက္ကဆီကိုအား ဒုတိယမှန်းထားသည်။

အုပ်စု (င) က အီတလီ၊ ဂါနာ၊ အမေရိကန်၊ ချက်တို့ဖြစ်သည်။ အုပ်စု က အုပ်စုကျပ်ဖြစ်သည်။ ဤအုပ်စု တွင် အီတလီ၊ အမေရိကန်၊ ချက်တို့ကို အုပ်စုမှ ကျွတ်နိုင်သောအသင်းများဟု တွက်ထားသည်။ အာဖရိကမှ ဂါနာ အနေဖြင့် ၎င်းသုံးသင်းကို ဖြတ်ကျော် ဖို့ခက်သည်။ ကျန်အုပ်စုထဲမှ ချက် အသင်းသည် အုပ်စုတက်ရန် သေချာ သလောက်ရှိသည်။ သူ၏ စိတ်ဓာတ် အား၊ ကစားအားကို ယုံကြည်သော ကြောင့်ဖြစ်သည်။ လူကောင်းသော် လည်း အီတလီကို ယုံစားဖို့ခက်သည်။ အမေရိကန်သည် နိုင်အောင် ဘယ်လို လုပ်ရမည်ကို ကောင်းစွာသိသော အသင်းဖြစ်သည်။ ထို့ကြောင့် ဤ အုပ်စုတွင် ချက်ကို ပထမမှန်းပြီး အီတလီနှင့် အမေရိကန်ကို ဒုတိယ လျာထားသည်။

ခေါင်းခဲစရာ

(စ) အုပ်စုမှာ ဘရာဇီး၊ ခရိုအေးရှား၊ ဩစတြေးလျ၊ ဂျပန်တို့ ပါဝင်သည်။ ဘရာဇီးကို အုပ်စုပထမ ထားလိုက်လျှင် မည်သူမျှ ငြင်းကြလိမ့်မည်မဟုတ်။ တစ်ညီတစ်ညွတ်တည်း လက်ခံကြလိမ့် မည်။ ဩစတြေးလျ၊ ခရိုအေးရှား၊ ဂျပန် အသင်းတို့ထဲမှ မည်သည့်အသင်းကို ဒုတိယပေးမည်နည်းဆိုသည့် ကိစ္စက ခေါင်းခဲစရာဖြစ်သည်။ ဤသုံးသင်း ထဲ၌ ဥရောပ အတွေ့အကြုံ အနည်းဆုံးအသင်းက ဂျပန်ဖြစ်သည်။ ဩစတြေးလျအသင်းသား အားလုံး နီးပါးမှာ ဥရောပတွင် ကစားနေသူ များဖြစ်သည်။ အမျိုးသားရေး စိတ်ဓာတ်ပြင်းသည့် အသင်းများမှာ ခရိုအေးရှားနှင့် ဂျပန်ဖြစ်သည်။ ဘောလုံးနည်းပညာအရဆိုလျှင် ခရို အေးရှားက ဂျပန်ထက်သာသည်။ ထို့ကြောင့် ခရိုအေးရှားကို အုပ်စု ဒုတိယနေရာတွင် လျာထားလိုက် သည်။ ဘရာဇီး ပထမ၊ ခရိုအေးရှား ဒုတိယဖြစ်နိုင်သည်။

အုပ်စု (ဆ)တွင် ပြင်သစ်၊ ဆွစ်ဇာ လန်၊ တောင်ကိုရီးယား၊ တိုဂိုတို့ ပါဝင်သည်။ အစဉ်အလာ အတွေ့ အကြုံများဖြင့် ဆုံးဖြတ်ရလျှင် ပြင်သစ် အသင်းသည် အုပ်စုပထမဟု သတ်မှတ်ရမည်။ ကမ္ဘာကျော် ကစား သမားများ ပါဝင်နေသောကြောင့်သာ အုပ်စုပထမ ပေးလိုက်ရသော်လည်း ခြေစစ်ပွဲကလိုပင် ရင်တမမ စောင့် ကြည့်ရမည်ဖြစ်သည်။ အုပ်စု ဒုတိယ ကို တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်၊ တိုဂိုတို့ အကြိတ်အနယ် လုကြဖွယ်ရှိ သည်။ ထိုသုံးသင်းထဲ၌ တောင်ကိုရီး ယားသည် ဒုတိယနေရာအတွက် အလားအလာ အကောင်းဆုံးဖြစ် သည်။ ထို့ကြောင့် တောင်ကိုရီးယား ကို အုပ်စုဒုတိယအဖြစ် သတ်မှတ် ထားသည်။

သမိုင်းမှတ်တိုင်

နောက်ဆုံးအုပ်စုတွင် စပိန်၊ ယူကရိန်း၊ တူနီးရှား၊ ဆော်ဒီတို့ပါဝင် သည်။ ဤအုပ်စုတွင် စပိန်အသင်း ကို အုပ်စုဗိုလ်အဖြစ် လျာထားမည်ဆို လျှင် လျာထား၍ရသည်။ ဘောလုံး အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော ကြောင့်သာ အုပ်စုပထမ သတ်မှတ် ခြင်းဖြစ်သည်။ သို့သော် သူ့မှာ မှတ်မှတ်ထင်ထင် သမိုင်းမှတ်တိုင် မရှိ။ မည်သို့ပင်ဖြစ်စေ စပိန်သည် အုပ်စုမှကျွတ်နိုင်သော အသင်းဖြစ် သည်ကို ပရိသတ်တိုင်း လက်ခံလိမ့် မည်ဖြစ်သည်။ ဒုတိယနေရာအတွက် ယူကရိန်းနှင့်တူနီးရှား လုကြရမည်။ စာရေးသူက ယူကရိန်းအသင်းကို ပိုကြိုက်သည်။ ထို့ကြောင့် ယူကရိန်း ကို အုပ်စု ဒုတိယနေရာအဖြစ် သတ်မှတ်သည်။

ဤသို့ဖြင့် ဒုတိယအဆင့် ရှုံးထွက် ပြိုင်ပွဲသို့ အုပ်စု (က) မှ ဂျာမနီ၊ ပိုလန်၊ အုပ်စု (ခ) မှ အင်္ဂလန်၊ ဆွီဒင်၊ အုပ်စု (ဂ) မှ အာဂျင်တီးနား၊ နယ်သာလန်၊ အုပ်စု (ဃ)မှ ပေါ်တူဂီ၊ မက္ကဆီကို၊ အုပ်စု(င)မှ အီတလီ၊ အမေရိကန်၊ ချက်၊ အုပ်စု (စ)မှ ဘရာဇီး၊ ခရိုအေးရှား၊ အုပ်စု (ဆ) မှ ပြင်သစ်၊ တောင်ကိုရီးယား၊ အုပ်စု (ဇ)မှ စပိန်နှင့်ယူကရိန်း စသည်တို့ တက်ရောက်နိုင်ဖွယ်ရှိသည်ဟု သုံးသပ် မိပါသည်။ ။

အုပ်စု(စ) မှ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ တက်ရန် သေချာသလောက် ဖြစ်နေသည့် ချန်ပီယံ ဘရာဇီး အသင်း။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် သူရလမ်း တောင်ပိုင်းနေ ဦးခိုင် စိုးနှင့် သား ဦးတင်စိုး-ဒေါ်စန်းစန်းအေး၊ ဦးကျော်စိုး-ဒေါ်အေးမိ၊ သား သမီးမြေးတစ်စုတို့က ကွယ်လွန်သူ ဒေါ်ခင်သောင်းအား ရည်စူး၍ အလှူ တော် ငွေကျပ်တစ်သိန်းကို မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ မေ ၂၆ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ ကျော်အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် သိမ် အဆောက်အအုံသစ်အတွက် မေ ၂၇ ရက်က မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် သာသနာ့ နယ်လှည့်မွေ့ကထိက ဆရာတော် ဘဒ္ဒန္တ ဝိမလထံ ကွယ်လွန်သူ ဦးမြင့်လွင်အား ရည်စူး၍ မော်လမြိုင်မြို့ အထက် လမ်းမကြီးနေ ဒေါ်သိန်းသိန်းဝင်း၊ သား အောင်မိုးကျော်၊ ဒေါ်ဝါဝါလွင် မိသားစုက ငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၀၇)

အင်းစိန်မြို့ ဈေးကုန်းအနောက်ရပ်ကွက် ဘုန်းကြီးလမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီး ဦးထွန်းဟန်အား ရည်စူး၍ သမီးများဖြစ်ကြသည့် မရှုရီနှင့် ညီအစ်မများ၊ (နေလကုန်မျိုးစုံရောင်းဝယ်ရေး-အင်းစိန်) တို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ဘုန်းတော်ကြီး ကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်း တွဲဖက် အတွင်းရေးမှူး(၂) ဦးလှသိန်းနှင့်အဖွဲ့က လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်းနေ ဦးမြင့်အောင်-ဒေါ်နီနီမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿန လမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင်နှင့် အလုပ်အမှုဆောင် ဒေါ်သီတာရွှေ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီတလီဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၀၆ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမာနိုပရိုဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၂–၆–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကျောင်းနေရန်ခက်ခဲသော ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇွန် ၁

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ်တွင် တိုင်းအတွင်း ပံ့ပိုးရန်လိုအပ်သော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ(၁)၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေရန် အခက်အခဲရှိသော ကလေးများအား ဝိုင်းဝန်းပံ့ပိုးကူညီကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ပြေးဆွဲပေးသည့် RBE မြို့ပတ်ရထားတွဲဆိုင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘူတာသို့ ဝင်ရောက်လာစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရထားလမ်းပိုင်းသစ် မြို့ပတ်ရထား စတင်ပြေးဆွဲ

ရန်ကုန် ဇွန် ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများနှင့်ကျောင်းသား၊ ကျောင်းသူများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်ဘူတာကြီးမှ သန်လျင်မြို့ရှိ အရှေ့ပိုင်းတက္ကသိုလ်သို့ ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်တွင် RBE မြို့ပတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲသည်။

အဆိုပါ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရထားလမ်းပိုင်းသစ်သည် ရန်ကုန်တိုင်း သန်လျင်အုတ်ဖိုစုဘူတာမှ ခွဲထွက်သောလမ်းပိုင်းဖြစ်ပြီး ခရီးမိုင် ၃ဒသမ၃၃ မိုင်ရှိ၍ သံလမ်းမိုင်မှာ ၃ဒသမ၉ မိုင်ရှိကာ တံတားငယ်စုစုပေါင်း ၁၀ စင်းပါရှိသည်။ ယင်းရထားလမ်းပိုင်းသစ်ကို ၂၀၀၆ ခုနှစ် မတ် ၂၇ ရက် စတင်ဆောင်ရွက်ပြီး မေ ၂၀ ရက်တွင် သံလမ်းခင်းခြင်းလုပ်ငန်းများပြီးစီး၍ အချိန်ကာလနှစ်လနှင့် ခုနစ်ရက်သာကြာမြင့်ခဲ့ပြီး ဇွန် ၁ ရက် (ယနေ့)တွင် ရထားစတင်ပြေးဆွဲသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မြို့ပတ်ရထားတွဲဆိုင်းသည် ငါးတွဲပါရှိပြီး တစ်တွဲလျှင် ထိုင်ခရီးသည် ၆၀၊ ရပ်ခရီးသည် ၁၀၀ တင်ဆောင်နိုင်သည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မြို့ပတ်ရထားသည် နေ့စဉ်ရန်ကုန်မှ အရှေ့ပိုင်းတက္ကသိုလ်သို့ အသွားခြောက်ခေါက်၊ အပြန်ခြောက်ခေါက် ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်မှ အစောဆုံးထွက်ချိန်မှာ နံနက် ၆ နာရီ ၁၅ မိနစ်ဖြစ်ပြီး အရှေ့ပိုင်းတက္ကသိုလ်မှ နောက်ဆုံးပြန်လည်ထွက်ခွာသည့်ရထားသည် ည ၇ နာရီခွဲဖြစ်သည်။ ရန်ကုန်မှ အရှေ့ပိုင်းတက္ကသိုလ်သို့ ရထားပြေးဆွဲချိန်မှာ ၁ နာရီ ၅၅ မိနစ်သာကြာမြင့်မှာဖြစ်ပြီး ရပ်နားထွက်ခွာမည့် ဘူတာများမှာ ရန်ကုန်၊ ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး၊ စက်မှုဇုန်(၁)၊ ကွေ့မ၊ အောင်သုခ၊ အုတ်ဖိုစု၊ အရှေ့ပိုင်းတက္ကသိုလ်ဘူတာတို့ဖြစ်သည်။

ရထားလက်မှတ်ခနှုန်းမှာ အရှေ့ပိုင်းတက္ကသိုလ်မှ နှင်းဆီကုန်းဘူတာအထိ ၁၀ ကျပ်ဖြစ်ပြီး အရှေ့ပိုင်းတက္ကသိုလ်ဘူတာမှ ရန်ကုန်အထိ ကျပ် ၂၀ သာဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ လသုံးလက်မှတ်ခအနေဖြင့် အရှေ့ပိုင်းတက္ကသိုလ်မှ နှင်းဆီကုန်းဘူတာအထိ တစ်လကျပ် ၂၃၀၊ အရှေ့ပိုင်းတက္ကသိုလ်မှ ရန်ကုန်ဘူတာကြီးအထိ တစ်လကျပ် ၄၆၀ သာဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် လသုံးလက်မှတ်များကို မြန်မာ့မီးရထားဝန်ထမ်းများက ကျောင်းအတွင်း သွားရောက်ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ မေ ၂၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ်(၄၁) ပညာရေးဘွဲ့ ဘီအီးဒီ လေးနှစ်သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံရာ ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက တိုင်းမှူးအား ဂါရဝပြုမိတ်ဆက်ကြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးက သင်တန်းတွင် ပေါက်မြောက်အောင်မြင်အောင် ကြိုးစားကြရေး အကျယ်တဝင့် အမှာစကားပြောကြားပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် မြို့ပတ်ရထားပေါ်တွင် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာကြစဉ်။ (ရထား)